# သစ်တောကြေးမုံ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ



## ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် "ဆင်ထိန်းသိမ်းရေးသူရဲကောင်း"ဆုရရှိသူ ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား လေးစားဂုဏ်ပြုအပ်ပါသည်။



စာမျက်နှာ-၂ သို့

# မာတိကာ


➢ သတင်းများကဏ္ဍ ၃-၈

➢ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ ၉-၁၀

➢ တရားမဝင်သစ်ဖမ်းဆီးအရေးယူခြင်းနှင့် ပတ်သက်သည့်ဖြစ်စဉ်များ ၁၁-၁၃

➢ အချိန်ပိုတောင်းဆိုနေပြီ (ကဗျာ) ၁၃

➢ အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ ၁၄-၁၅-၁၉

➢ ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းတရားများ ၁၆-၁၉

➢ ဒေသခံပြည်သူလူထုများအပေါ်အခြေခံ၍ REDD+ ၏ ပမာဏ ခြေလှမ်းကိုဆန်းစစ်ခြင်း ၂၀-၂၂

➢ (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအခြေခံ) စီးပွားရေး လုပ်ငန်းများ ဖော်ဆောင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ၂၃

➢ တောဆင်ရိုင်း ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ----- ၂၄-၂၆

➢ ရိုးမတောမှ ရင်မောဖွယ်ရာဖြစ်ရပ်ဆန်းများ ၂၇-၃၀

➢ သန့်ရှင်းသောသောက်သုံးရေသုံးစွဲရေး ၃၀-၃၂

➢ ဘဝသစ်ပင်၏ဆန္ဒ (ကဗျာ) ၃၂

➢ ဆေးဖက်ဝင်ကြယ်ပဲ ၃၃-၃၅

➢ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့်မီးကာကွယ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာ လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ ၃၆-၃၉

➢ ကာတွန်းကဏ္ဍ ၄၀

➢ တောဆင်ရိုင်းများ ဖမ်းယူမွေးမြူခြင်းသည် သက်တမ်းတိုစေကြောင်း တွေ့ရှိရခြင်း ၄၁-၄၂

➢ Post-Nargis Programmes and Projects of FREDA ၄၃-၄၅

➢ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ)(၆)လဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်း ၄၆-၄၇

➢ ဟာသ ကျောဖုံး ၄၈-၄၉


ကမ္ဘာထဲတွင် ၊ အသက်ရှင်
သက်ရှိသက်မဲ့ ၊ ပတ်ဝန်းကျင်
မိသားစုသွင် ၊ စိတ်မှာထား
ထိန်းသိမ်းကြစို့ ၊ တို့ကြိုးစား


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ခင်ဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးတင်မောင်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်မိုး လက်ထောက်ညွှန်ကြားရေးမှူး
ဦးကိုကိုထွန်း ဦးစီးအရာရှိ
ဦးတာက်နေထွန်း ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၃၉၄
extension@forest.gov.mm

## သစ်တောပညာလေ့လာသင်ကြားရေးအစီအစဉ်များ

ဘာသာရပ်တစ်ခု၊ ပညာရပ်တစ်ခု တိုးတက်ဖွံ့ဖြိုးစေရန်မှာ အဆိုပါဘာသာရပ်အား စနစ်တကျသင်ကြားပေးခြင်း၊ ဆက်လက်လေ့လာခြင်း၊ လက်တွေ့စမ်းသပ်လုပ်ကိုင်ခြင်းများသည် အဓိကနေရာမှ ပါဝင်သည်။ ထို့အတူပင် သစ်တောပညာရပ်ဆိုင်ရာ တိုးတက်ရေးတွင်လည်း ဝန်ထမ်းအဆင့်ဆင့်အား လေ့ကျင့်သင်ကြားပေးခြင်းသည် အရေးပါလှပါသည်။ သို့ဖြစ်ပါ၍ သစ်တောပညာသင်ကြားပေးရန်အတွက် သစ်တောတက္ကသိုလ်၊ မြန်မာနိုင်ငံသစ်တောကျောင်းများကို ဖွင့်လှစ်တည်ထောင်ထားခြင်းဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်နှင့် ကျောင်းများမှ သစ်တောပညာသင်ယူလာခဲ့သော ဝန်ထမ်းများကိုလည်း လုပ်ငန်းခွင်၌ ကျွမ်းကျင်မှုရှိစေရန်အတွက် လုပ်ငန်းခွင်သင်တန်းများကို ဗဟိုသစ်တောလုပ်ငန်းလေ့ကျင့်ပညာပေးရေးဌာန(CFDTC)နှင့် မြန်မာ့သစ်လုပ်ငန်း သင်တန်းကျောင်းအစရှိသည်များတွင် ဝန်ထမ်းအဆင့်အလိုက် သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။

တက္ကသိုလ်နှင့်သစ်တောကျောင်းမှ သင်ကြားပေးလိုက်သော ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချရာ၌ ခေတ်နှင့်အညီပြောင်းလဲလာသော နည်းပညာနှင့် လုပ်ထုံးလုပ်နည်းများကို မျက်ခြည်မပြတ်လေ့လာသင်ယူနေရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်သင်တန်းများပို့ချရာတွင် တက္ကသိုလ်၊ သုတေသနစသည်တို့မှ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များ၊ စာအုပ်စာတမ်းများ၊ နည်းပညာများကိုချိတ်ဆက်၍ သင်ကြားပို့ချပေးရန်မှာ အရေးကြီးပါသည်။ သို့မှသာ နေရာဒေသအမျိုးမျိုးမှ လုပ်ငန်းခွင်သင်တန်းလာရောက်တက်ရသော ဝန်ထမ်းများအတွက် ခေတ်မီ၊ အဆင့်မီသော သစ်တောပညာရပ်များကို လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောပညာရပ်ဆိုင်ရာ ပညာရှင်အဖွဲ့မှဦးစီး၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသော သစ်တောပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများမှလည်း ပညာရပ်ဆိုင်ရာ တွေ့ရှိချက်အသစ်များကိုရရှိနိုင်ပါသည်။ ထို့အပြင် ပညာသင်လေ့လာရေး အစီအစဉ်များဖြင့် ပြည်ပသို့သွားရောက်ရသော ဝန်ထမ်းများထံမှလည်း သစ်တောကဏ္ဍဆိုင်ရာ အသိအမြင်၊ ပညာရပ်တွေ့ရှိမှု အသစ်များကိုရရှိနိုင်ပါသည်။ ပြည်တွင်း၌ လက်ခံကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းစသည်များတွင် အရေအတွက်များများတက်ရောက်ရန် အခွင့်အရေးရရှိသဖြင့် အဖိုးတန်လှသော လေ့လာသင်ကြားမှု အစီအစဉ်ဟုဆိုရမည် ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာနှင့်ထိတွေ့ပြုလုပ်သော သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ သင့်လျော်သောဝန်ထမ်းများအား ပြည်ပနိုင်ငံများသို့ စေလွှတ် ပညာရှာဖွေလေ့လာစေခြင်း၊ ပြည်တွင်း၌ တက္ကသိုလ်၊ သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှောက်နေခြင်းများသည် သစ်တောပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဖိုးတန်လှသော လေ့လာသင်ကြားမှု အစီအစဉ်များပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများ ချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

# ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ (၁၇–၈–၂၀၁၈)ရက် ထုတ်ပြန်ချက်–

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ သဘာဝတောတောင်ရေမြေများ ထိန်းသိမ်းရေးသာမက ၄င်းသဘာဝသစ်တောများအတွင်း မှီတင်းနေထိုင်ကျက်စားလျက်ရှိကြသည့် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်နက်တည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ သက်ရှိသက်မဲ့တို့အချင်းချင်းအပြန်အလှန် အမှီသဟဲပြုရှင်သန်ဖွံ့ဖြိုးစေသည့် ဂေဟာစနစ်များမပျက်ယွင်းဘဲ သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ်များလည်း ပိုမိုရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံနှင့်လိုက်လျောညီထွေရှိမည့် စီးပွားရေးစနစ်များကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တရားမဝင်ကူးသန်းရောင်းဝယ်မှုများပပျောက်ပြီး လူမှုအသိုက်အဝန်းအတွင်း ဥပဒေကိုလေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများရရှိရေးအတွက်ကိုလည်း ရေရှည်မျှော်မှန်းချက်ဖြင့် လုံ့လစိုက်ထုတ်စီမံဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအများ၏အကျိုးစီးပွားနှင့် တည်ဆဲဥပဒေများကို မျက်ကွယ်ပြုလျက် မိမိတို့၏အတ္တအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သာရည်ရွယ်ပြီး ဥပဒေဖြင့် တရားဝင်ပိတ်ပင်တားမြစ်ထားသည့်လုပ်ငန်းများကို ချိုးဖောက်ကျူးလွန်နေသည့်လုပ်ရပ်များကို အစိုးရ၊ ပြည်သူအများ၊ အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာကွယ်နှိမ်နင်းရမည်ဖြစ်ပါသည်။ သို့မှသာလျှင် ပြည်သူတို့မျှော်လင့်တောင့်တသည့် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသည့် လူမှုအသိုက်အဝန်းမျိုးရရှိမည်ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်း(၆)ခုတွင် တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိပြီး မှတ်တမ်းများအရ ယခုအခါ စုစုပေါင်းကောင်ရေ ၁၅၀ ခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ ဆင်စွယ်နှင့်ဆင်နှာမောင်းများ တရားမဝင်ရောင်းဝယ်မှုများကြောင့် တောဆင်ရိုင်းများမှာ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုခံခဲ့ရပါသည်။ ၂၀၁၃ခုနှစ်မှစတင်၍ တောဆင်ရိုင်းများသတ်ဖြတ်ခံရမှု ပိုမိုများပြားလာခဲ့ပြီး ယခုအခါဆင်စွယ်နှင့် ဆင်နှာမောင်းသာမက ဆင်သားရေနှင့်ဆင်သား တရားမဝင်ရောင်းဝယ်မှုများပါရှိနေပြီဖြစ်ပါသည်။ အဆိုပါ တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WWF-Myanmar)၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေး မိတ်ဆွေများအသင်း(FOW)နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့(WWF)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဦးကျော်မြင့်ထွန်း(ခ)ဦးထွန်းလေးသည် ၂၀၁၃ ခုနှစ်၊ တင်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေစဉ်ကတည်းကပင် တောဆင်ရိုင်းများသတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေးလုပ်ငန်းများတွင်လည်းကောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တပ်ဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် ဆင်သတ်တရားခံ(၂)ဦးနှင့် ဆင်သတ်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၁၇ခုနှစ်တွင်လည်း ဆင်သတ်ရာတွင် အသုံးပြုသည့် တူမီးသေနတ်(၄)လက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့်ဂုဏ်ပြုဆုနှင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(WWF)နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေး မိတ်ဆွေများအသင်း(FOW)တို့ပူးပေါင်း၍ "**ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု**"ကို ပေးအပ်ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

ဦးကျော်မြင့်ထွန်း၏ အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများ ဖြစ်ကြသဖြင့် ဦးကျော်မြင့်ထွန်းမှာ ငယ်ရွယ်စဉ်ကတည်းက ဆင်များ၏အသုံးဝင်မှုတန်ဖိုးကို သိရှိနားလည်ခဲ့သူဖြစ်ကာ တောဆင်ရိုင်းများကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ တပ်၊ အဖွဲ့အစည်းများနှင့်အတူပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။

သို့ဖြစ်၍ ယခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးနည်းတူ နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသားစိတ်ဓာတ်ကို အရင်းခံလျက် ထက်သန်သောလုံ့လဝီရိယဖြင့် ကြိုးပမ်းဖြည့်ဆည်း ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

သတင်းကဏ္ဍ

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေး



နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို (၃-၈-၂၀၁၈)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက စတုတ္ထအကြိမ် အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်မှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီးအေးမင်းထွေးနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကဏ္ဍအလိုက်စီမံ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ လျော့နည်းရေးအတွက် ဒီရေတောနှင့် ဓနိတောထူထောင်သွားရေး၊ ပင်လယ်ပြင်ခရီးသွားလုပ်ငန်းကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ စည်းကမ်းမဲ့ ငါးဖမ်းခြင်းမပြုလုပ်စေရေး၊ ကမ်းရိုးတန်းသယံဇာတ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေး



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်း ကော်မတီ တတိယအကြိမ် အစည်းအဝေးကို(၂-၈-၂၀၁၈)ရက် နေ့၊ နံနက်(၉း၃၀)နာရီတွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင် ကျင်းပရာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့တက်ရောက်၍ အဖွင့်အမှာများစကားပြောကြားကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသသည် ကီလိုမီတာ ၃၀၀၀ နီးပါးရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း အရေးပါသော ဂေဟစနစ်ကြီးဖြစ်ကြောင်း၊ သဲသောင်ကမ်းခြေမှ ပင်လယ်ရေနက်ပိုင်းအထိကျက်စားနေထိုင်ကြသော မိကျောင်း၊ လိပ်၊ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ကနကမာ၊ ငှက်နှင့် ရေနေသတ္တဝါမျိုးစုံတို့အတွက် ရှင်သန်ပေါက်ဖွားကျက်စားနေထိုင်ရာ နေအိမ်သဖွယ်လည်းဖြစ်နေကြောင်း၊

ထူးခြားသော ဂေဟစနစ်များတည်ရှိပြီး တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်ကြီးသည်

ယခုအခါ၌ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းလျက်ရှိနေကြောင်း၊ ကမ်းရိုးတန်းသယံဇာတများစီမံအုပ်ချုပ်ရာတွင် လူဦးရေတိုးပွားများပြားလာခြင်းနှင့်အတူ ရေတိုအကျိုးစီးပွားအတွက်သာလျှင် ရှေးရှု၍ သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ရေရှည်တည်တံ့ခြင်းမရှိသော အခြားမြေအသုံးချမှုပုံစံသို့ပြောင်းလဲခြင်း၊ ကမ်းရိုးတန်း ဂေဟာစနစ်များကရရှိသည့် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများကို သိရှိနားလည်မှုအားနည်းခြင်း၊ ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်းစသည့် အခက်အခဲအတားအဆီးများနှင့်ရင်ဆိုင်ရကြောင်းနှင့် ကမ်းရိုးတန်းဒေသသယံဇာတများ နစ်စဉ်ဆုံးရှုံးနေရကြောင်း၊

ထို့ကြောင့် ပြဿနာများကို ဖြေရှင်းရန်၊ လိုအပ်ချက်များဖြည့်ဆည်းရန် ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှသာလျှင် ပြေလည်နိုင်မည်ဆိုသော အခြေခံအယူအဆနှင့် ''ကမ်းရိုးတန်းဒေသဘက်စုံ ပူးပေါင်းစီမံ အုပ်ချုပ်ခြင်း (ICM) လို့ခေါ်သည့် စီမံအုပ်ချုပ်မှုစနစ်တစ်ရပ်ကို ဝိုင်းဝန်းဖော်ထုတ်ပြီး စတင်ကျင့်သုံးလာကြတာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူမှ ဆက်လက်အမှာစကားပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ သစ်တော/သတ္တုဝန်ကြီးများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## နေပြည်တော် ၊ ရန်အောင်မြင်ကြိုးဝိုင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်း





သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို (၇-၈-၂၀၁၈) နံနက်(၇း၃၀)နာရီတွင် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၃)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ တမလန်းပင်စိုက်ပျိုးပေးခဲ့ပါသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဝင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ် (သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်)၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာ၌ တမလန်းပင်ကို စိုက်ပျိုးပေးပါသည်။ထို့နောက် နေပြည်တော်ကောင်စီဝင်က ပိတောက်ပင်ကိုလည်းကောင်း၊သစ်တောအတွင်းဝန်က အင်ကြင်းပင်ကိုလည်းကောင်း၊ သတ္တုအတွင်းဝန်က ပျဉ်းကတိုးပင်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သစ်တော/သတ္တုညွှန်ကြားရေးမှူးများက ကျွန်းပင်များကိုလည်းကောင်း၊ အရာထမ်း/ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ အင်ကြင်းပင်များကို သတ်မှတ်နေရာအသီးသီးတွင်စိုက်ပျိုးကြပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အကြီးအကဲများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ပါသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ အင်အား(၁၀၀၀)ကျော် တက်ရောက်ခဲ့ကြပြီးကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ အင်ကြင်းပျိုးပင် စုစုပေါင်း(၂၀၄၁)ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြပါသည်။ စိုက်ပျိုးပြီးသစ်ပင်များအား လယ်ဝေးမြို့နယ်နှင့် နေပြည်တော်သစ်တောဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၀)ဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ





ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(၂၀၁၈–၂၀၂၀) ဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၈–၈–၂၀၁၈)ရက်နေ့၊ နံနက်(၀၈း၄၅)နာရီ၌ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ သစ်တောသယံဇာတများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးအတွက် အထူးအရေးပါလှပါကြောင်း၊ စုစုပေါင်းလူဦးရေ၏(၇၀%)ကျော်သည် ကျေးလက်ဒေသနေပြည်သူများ ဖြစ်ပြီး နေ့စဉ်လူမှုစီးပွားရေးအတွက် သစ်တောများကို မှီခိုနေရပါကြောင်း၊ ထို့အပြင် အိမ်ထောင်စုပေါင်း(၁၁)သန်းခန့်ရှိသည့်အနက် (၈၁%)ခန့်သည် လောင်စာအတွက် ထင်းနှင့်မီးသွေးကို အသုံးပြုနေပြီး နေအိမ်အတွက်လည်း သစ်နှင့်ဝါးကို အသုံးပြုနေသည့်အတွက် သစ်တောများအား မှီခိုနေသည်ကို တွေ့ရှိရပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေကို လေ့လာကြည့်ပါက လက်ရှိအချိန်၌ အဖွဲ့ဝင်(၁၀၃၉၀၇)ဦးပါဝင်သည့် အဖွဲ့ပေါင်း(၃၈၈၄)အဖွဲ့ကို ဆောင်ရွက်ခွင့်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ဧရိယာအားဖြင့် (၅၂၂၃၇၂)ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပင်မစီမံကိန်းပါရည်မှန်းချက် ၏ (၂၃%)နှုန်းသာ အကောင်အထည်ဖော်ပြီးစီးသည်ကို တွေ့ရှိပါကြောင်း၊

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာမဟာဗျူဟာစီမံချက်(၂၀၁၈–၂၀၂၀)မူကြမ်းကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ရည်ရွယ်ချက်(၃)ချက်ရှိပါကြောင်း၊ ပထမအချက်မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ရာ၌ အကျိုးဆက်စပ်သူများအားလုံး ပူးပေါင်းပါဝင်လာစေရန်၊ ဒုတိယအချက်မှာဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲနှင့်စိန်ခေါ်မှုများကို ဖော်ထုတ်ပြီး ပိုမိုထိရောက်သည့် အစီအစဉ်များချမှတ်နိုင်ရန်နှင့် နောက်ဆုံးအချက်မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းကို အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်များအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်ပြီး အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ပါကြောင်းနှင့် ပညာရှင်များအနေဖြင့် လွတ်လပ်တက်ကြွစွာ ဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

## သစ်တောကဏ္ဍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ

သစ်တောကဏ္ဍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲကို သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမတွင် (၁၃–၈–၂၀၁၈)ရက်နေ့၊ နံနက်(၉)နာရီ၌ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ်ခြင်းသည် နိုင်ငံတော်၏ အဖိုးတန်သစ်တောသယံဇာတများကို အချိန်တို အတွင်း ကုန်ဆုံးပျောက်ကွယ်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေထိခိုက် စေခြင်းများဖြစ်ပေါ်သည့်အတွက် သစ်တောဦးစီးဌာန အနေဖြင့်



ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဆက်စပ်ဌာနများနှင့် တာဝန်သိပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း ကာကွယ်တားဆီးနှိမ်နင်းလျက်ရှိပါကြောင်း၊

FA0 က ၅ နှစ် တစ်ကြိမ်ထုတ်ပြန်သည့် Forest Resource Assessment-2015 အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂.၉၂%ရှိပြီး ဧကအားဖြင့် ၇၂ သန်းခန့်ရှိပါကြောင်း၊ သစ်တောဦးစီးဌာနမှ စီမံအုပ်ချုပ်ရသော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေမှာ ၄၇ သန်းဧကရှိပြီး သစ်တောဦးစီးဌာနတွင် သစ်တောလုပ်ငန်းဆောင်ရွက်သည့်ဝန်ထမ်းသည် ၅၃၃၆ ဦးရှိသည့်အတွက် ဝန်ထမ်းတစ်ဦးသည် ပျမ်းမျှသစ်တောနယ်မြေ ဧက ၈၈၀၀ ကျော်ကိုတာဝန်ယူထိန်းသိမ်းရပါကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေအရ သစ်တောဧရိယာနှင့် ထိန်းသိမ်းနေရသည့် ဝန်ထမ်းအချိုးမျှတရန် လိုအပ်ချက်ရှိနေပါကြောင်း၊ လုံခြုံရေးအကန့်အသတ်များကြောင့် အချို့သစ်တောဧရိယာများကိုမစိုးမိုးနိုင်ခြင်း၊ တရားမဝင်ဆောင်ရွက်သူများက ၎င်းတို့အကျိုးထိခိုက်လာမှုကြောင့် တာဝန်ရှိဝန်ထမ်းများကို ပြန်လည်ရန်ပြုတိုက်ခိုက်ခြင်း၊ လုပ်ငန်းသဘာဝအနေအထားအရ လူသူဝေးရာနေရာများကို စီမံအုပ်ချုပ်ရသူများဖြစ်သည့်အတွက် ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင် ယိုင်လဲမသွားအောင်ထိန်းချုပ်ရန် ခက်ခဲခြင်း စသည့်အကန့်အသတ် အတားအဆီးများ ရှိနေပါကြောင်း၊

တရားမဝင်သစ်ခုတ်လှဲ၊ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ရာတွင် တောတွင်းငုတ်ရင်းဒေသမှစပြီး ပြည်ပတင်ပို့ခိုးထုတ်သည့်အထိ ကွင်းဆက်များ ဖော်ထုတ်ရယူခြင်းကို Community Monitoring and Reporting System ဟုခေါ်သည့် ဒေသခံပြည်သူများက စောင့်ကြည့်သတင်းပို့ခြင်းစနစ်အား စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ သတင်းပေးပို့သည့် ပြည်သူများကို တယ်လီဖုန်းနှင့် SimCardများ ဖြန့်ဝေပေးပြီး၊ သစ်တောဝန်ထမ်းများထံသို့ အချိန်နှင့်တစ်ပြေးညီ လျှို့ဝှက်စွာသတင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တောထဲတွင် ခုတ်လှဲ၊ ခိုးထုတ်နေရာများလည်း အချိန်မီဖမ်းဆီးနိုင်ခဲ့ခြင်းများရှိသလို စုပုံ၊ စုဆောင်းသည့်နေရာများ၊ နောက်ဆုံးရန်ကုန်မြို့ဆိပ်ကမ်းများမှာပါ ကွန်တိန်နာနှင့် ထည့်သွင်းပြီးတရားမဝင်သစ်များကိုပါ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် လိုအပ်ချက်ရှိသော ဝန်ထမ်းဦးရေတိုးမြှင့်ခန့်ထားနိုင်ရေး၊ ဝန်ထမ်းများစွမ်းဆောင်ရည်ခိုင်မာစေရေးအတွက် ဝန်ထမ်းစွမ်းဆောင်မှုမြှင့်တင်ရေး မွမ်းမံသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ ကြိုးပမ်းမှုကို အသိမှတ်ပြုသည့်အနေဖြင့် စွမ်းဆောင်ရည်အလိုက် ဆုချီးမြှင့်မှုများကို အခမ်းအနားများဖြင့် ဆောင်ရွက်ပေးခြင်း၊ တရားမဝင်သစ်ဖမ်းဆီးနိုင်မှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖမ်းဆီးသစ်ပမာဏအလိုက် ထိုက်သင့်သော ဆုငွေများချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများကိုလည်း ထိုက်သင့်သောအရေးယူအပြစ်ပေးမှုများကိုဆောင်ရွက်နေပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖြည့်စွက်ထုတ်ပြန်မှုများ ပြုလုပ်နေပြီး တရားမဝင်သစ်ဖမ်းဆီးရေးနှင့် ပတ်သက်၍လည်း ပြည်သူအခြေပြု စောင့်ကြည့်သတင်းပို့ခြင်း နည်းစနစ်ကျင့်သုံးခြင်းဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို တိုးတက်ရရှိအောင်ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့ပါသော်လည်း တရားမဝင်သစ်ဆောင်ရွက်မှုများကို အထိုက်အလျောက်သာ ထိန်းချုပ်နိုင်သေးသည့်အတွက် လိုအပ်ချက်များရှိနေ



ဆဲဖြစ်သည်ကို သုံးသပ်ရပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုသည် အတားအဆီးတစ်ရပ်သဖွယ်ပါဝင်နေသည့်အတွက် သစ်တောကဏ္ဍဘက်မှလည်း အဂတိလိုက်စားမှုများ လျော့နည်းရာမှ ပပျောက်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါသဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပရခြင်းဖြစ်ပါကြောင်း၊

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောကဏ္ဍနှင့် ပတ်သက်ဆက်နွယ်သူများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး ပိုမိုသိရှိနားလည်စေရန်အတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ရှင်းလင်းဆွေးနွေးခြင်း၊ သစ်တောကဏ္ဍနှင့် သက်ဆိုင်သော တရားစီရင်ရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ရှင်းလင်းဆွေးနွေးခြင်း၊ သစ်တောကဏ္ဍနှင့် သက်ဆိုင်သော တရားစွဲဆိုမှုများဆိုင်ရာ သိသင့်သိထိုက်သည်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း တရားမဝင်သစ်ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ဝန်ထမ်းစည်း ကမ်းဆိုင်ရာပြစ်မှုများအပေါ်အရေးယူဆောင်ရွက်မှု အခြေအနေများနှင့် သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ ညွှန်ကြားချက်များကိုကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှာဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

## Drone ရိုက်ကူးအသုံးပြုခြင်းသင်တန်းနှင့် Global Mapper နှင့် ArcGIS Software များအသုံးပြု၍ မြေပုံထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား




Drone ရိုက်ကူးအသုံးပြုခြင်းသင်တန်းနှင့် Global Mapper နှင့် Arc GIS Software များအသုံးပြု၍ မြေပုံ ထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို (၂၀–၈–၂၀၁၈)ရက်နေ့ နံနက်(၀၈း၃၀)အချိန်၌ သစ်တောသုတေသနဌာန၊ စုဝေးခန်းမ(ရေဆင်း)တွင်ကျင်းပရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် ယခုသင်တန်းကို သစ်တောဦးစီးဌာနနှင့် ကိုးရီးယား သစ်တောဌာန (Korea Forest Services-KFS)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် REDD+ စီမံကိန်း၏ ကူညီထောက်ပံ့မှုနှင့် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနနှင့် သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် Drone ရိုက်ကူးခြင်းနှင့် RS / GIS အဆင့်မြင့်နည်းပညာများကို လူငယ်မျိုးဆက်သစ်ဝန်ထမ်းများ၊ ကျွမ်းကျင်စွာ အသုံးပြုလာနိုင်စေရန်နှင့် အရည်အသွေးပြည့်မီသည့် မြေပုံများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများတွင် ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန်ရည်ရွယ်ပြီးဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါကြောင်း၊

RS / GIS နည်းပညာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ၎င်းနည်းပညာများကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာပြီး တိကျသည့်ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှုပမာဏ၊ သစ်တောအမျိုးအစားအလိုက်၊ နေရာဒေသအလိုက် သစ်တောပြုန်းတီးမှုကာဗွန်ထုတ်လွှတ်မှု၊ မြေအသုံးချမှုပြောင်းလဲလာခြင်း စသည့် အဆင့်မြင့်မြေပုံများကို အရည်အသွေးမီထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်မီပစ္စည်းကိရိယာများ၊ Software/ Hardware များပြည့်စုံမှု၊ စွမ်းဆောင်ရည် ပြည့်ဝသည့် ဝန်ထမ်းကောင်းများ၊ ကျွမ်းကျင်သူများ လုံလောက်မှုအပေါ်မူတည်ပြီး နိုင်ငံအဆင့်သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ကို တည်ထောင်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ အရေးကြီးသည့်နေရာဒေသများတွင် အချိန်နှင့် တစ်ပြေးညီနီးပါး သစ်တောများကို စောင့်ကြည့်စစ်ဆေးနိုင်သည့်စနစ်နှင့် ကိန်းဂဏန်းသတင်းအချက်အလက် Near Real Time Data and Information ရရှိရေးအထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းများသည် တရားဝင်သစ်ဖြစ်ရေး ဆောင်ရွက်ချက်များကို အထောက်အကူပြုနိုင်ပြီး တရားမဝင်သစ်ခိုးမှု၊ ရောင်းဝယ်မှုများကိုလည်း တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊

ဤနည်းပညာရပ်များသည် သစ်တောများစဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုအတွက် အလွန်အထောက်အကူ ပြုသည့်အပြင် REDD+အတွက် သစ်တောများ ကြီးကြပ်စောင့်ကြည့်စနစ်အတွက်လည်း အလွန်အသုံးဝင်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီးသဖြင့် ယခုသင်တန်းသို့တက်ရောက်လာသည့် သင်တန်းသားများသည် မိမိတို့၏ အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံများကို အစွမ်းကုန်အသုံးပြုပြီး ကြိုးပမ်းလေ့လာကြရန်နှင့် မိမိတို့၏ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များတွင်ပြန်လည်အသုံးချနိုင်သည်အထိ တတ်မြောက်အောင် ကြိုးစားသင်ယူကြပါဟုတိုက်တွန်းပြောကြားခဲ့ပါသည်။

## အဆိုပြုလေညှာအမျိုးသား ဥယျာဉ်အတွင်း ကျားများသတ်ဖြတ်ခံရခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်တွင်ကျရောက်သော အဆိုပြုလေညှာအမျိုးသားဥယျာဉ်အတွင်း ကျား(၂)ကောင်၊ အထီး(၁)ကောင်နှင့် အမ(၁)ကောင်အား ဒေသခံများက ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်း သတ်ဖြတ်ခဲ့ကြောင်း အဆိုပါဒေသတွင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI)၏ သတင်းပေးပို့ချက်အရသိရှိရသည်။ နယ်မြေခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများသွားရောက်စုံစမ်းရာတွင် ကျားများအား တရားမဝင်သတ်ဖြတ်သူများဟုယူဆရသူများမှာ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားပြီးဖြစ်သည်။ ဂေဟာစနစ်တည်ငြိမ်ရေးအတွက် အစာကွင်းဆက်တွင် အဓိကမျိုးစိတ် Flagship Species ဟု သတ် မှတ်ထားသည့်ကျားများ သဘာဝကျက်စားနေရာများတွင် ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်နေမှုကြားထဲက တရား မဝင်ကုန်သွယ်ရန် အမဲလိုက်သတ်ဖြတ်မှု၊ ကျက်စားနယ်မြေများပျက်စီးမှုကြောင့် နိုင်ငံတွင် ကျားကောင်ရေ အလွန်အမင်းကျဆင်းနေခြင်းတွင် နောက်ထပ်စိတ်မကောင်းစရာများကြုံတွေ့ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျားများကျက်စားနေထိုင်သည့် လက်ကျန်နေရာအနည်းငယ်အနက်တစ်ခုဖြစ်သည့် လေညှာဒေသကိုထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်နိုင်ရန် ၂၀၀၂ ခုနှစ်တွင် လေညှာအမျိုးသားဥယျာဉ်အဖြစ်တည်ထောင်ရန် ရည်ရွယ်ကြောင်းကြေညာခဲ့သည်။ ဆယ်စုနှစ် ၁ စုကျော်သည်အထိ အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းခြင်း ပြီးပြတ်မှုမရှိသည့်အတွက် ၂၀၁၅ခုနှစ်တွင် ပြန်လည်ကွင်းဆင်းတိုင်းတာ၍ ကျေးရွာများ၊ ဒေသခံများလုပ်ကိုင်စားသောက်သည့် ဥယျာဉ်ခြံမြေများကို ဖယ်ထုတ်၍ အဆိုပြုအမျိုးသားဥယျာဉ်နယ်နိမိတ်ကို ပြင်ဆင်ခဲ့ပါသည်။ သို့သော် ဒေသခံပြည်သူအချို့နှင့် ဒေသအစုအဖွဲ့များ၏ ထောက်ခံအားပေးမှုကို မရရှိသည့်အတွက် အမျိုးသားဥယျာဉ်သတ်မှတ်ရေးကို ရပ်တန့်ထားရသည်။



အမျိုးသားဥယျာဉ် သတ်မှတ်နိုင်မှုမရှိ၍ ထိရောက်သည့် ထိန်းသိမ်းကာကွယ်မှု မပြုလုပ်နိုင်မှုကြောင့် ကျားများသတ်ဖြတ်ခံရခြင်းဖြစ်သည်။ အမျိုးသားဥယျာဉ်အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းမှ ရရှိသည့်အကျိုးများကို အများဆုံးခံစားရသူများ ယင်းဒေသတွင် နေထိုင်သူများပင်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)တွင် သယံဇာတအရင်းအမြစ်အပေါ် မှီခိုနေရသူများ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတို့မှ ရရှိသောအကျိုးများအားမျှဝေခြင်း၊ မြှင့်တင်ခြင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းထား၍ အမျိုးသားဥယျာဉ်ကဲ့သို့ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းသည် ဒေသခံများအတွက် အလွန်အကျိုးရှိသည်။ သို့ဖြစ်၍ ရှားပါးတောရိုင်းတိရစ္ဆာန်များအား ထိရောက်စွာထိန်းသိမ်းနိုင်ရန်နှင့် ဒေသခံများမှီခိုအားထားရသည့် သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန် လေညှာအမျိုးသားဥယျာဉ်အပါအဝင် အဆိုပြုသဘာဝထိန်းသိမ်းရေးနယ်မြေများအား ဆောလျင်စွာဖွဲ့စည်းရန် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

# တရားမဝင်သစ်နှင့်

# သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း

## ရခိုင်ပြည်နယ်



၆–၈–၂၀၁၈ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေ ခရိုင်၊ စစ်တွေမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ်၊ မောင်နီပြင်ကျေးရွာ မြောက်ဘက် (၄)ဖာလုံခန့်အကွာ၊ သင်ပုန်းတန်းချောင်းလက်တက်အတွင်း၌ လိုင်စင်မဲ့စက်လှေ(၁)စီးပေါ်မှတရားမဝင် တောင်သရက်/ သင်ပုန်း/သစ်ပုတ်/ဇင်ပွန်းခွဲသားစုစုပေါင်း (၁၂၇)ချောင်း (၉.၉၅၆၂)တန်နှင့်အတူ တရားခံ(၅)ဦး ဖမ်းဆီးရမိခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး



၈–၈–၂၀၁၈ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှတပ်မတော်သားများသည် တဇင်မှော်ကျွန်း၊ အနောက်မြောက် (၆)မိုင်ခန့်အကွာတွင် တရားမဝင်သစ်မှောင်ခိုစက်လှေ(၁)စီးပေါ်မှ တောင်သရက်ခွဲသား (၂၀)တန်ခန့်အားတရားခံ(၈)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၁၀–၈–၂၀၁၈ရက်နေ့တွင် သစ်တောဦးစီးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့ရာ အဆိုပါဖမ်းဆီးရမိသစ်များ၊ စက်လှေနှင့် ဆက်စပ်ပတ်သက်သူများအားစုံစမ်းဖေါ်ထုတ်၍ ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

## ရှမ်းပြည်နယ်



၁၂–၈–၂၀၁၈ရက်နေ့တွင်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ရပ်စောက်မြို့နယ်၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ်၊ (၁၈)မိုင်ဘိနယ်၊ ကျိုင်းခမ်းရွာအရှေ့ဘက် (၁၂)မိုင်ခန့်အကွာနေရာများ၌ တရားမဝင်အင်သစ် (၂၀၅)တန်ခန့်ဖမ်းဆီးရမိခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး




၁၅–၈–၂၀၁၈ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည်စဉ့်ကူးမြို့နယ်၊ မြို့မဘိနယ်၊ ကျောက်အိုးချောင်းအတွင်းမှ တရားမဝင်ကျွန်းသစ်/ခွဲခြမ်း(၁၁၀)လုံး/ခြမ်း (၂၂.၃၃၄)တန်အားဖမ်းဆီးရမိခဲ့ပါသည်။






## ပဲခူးတိုင်းဒေသကြီး

၁၆–၈–၂၀၁၈ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့နယ်၊ ရန်ကုန်–မော်လမြိုင် ကားလမ်း၊ ညောင်ခါးရှည်–မုပ္ပလင် လမ်းပိုင်း၊ မိုင်တိုင် အမှတ်(၆/၀)အနီးနေရာ၌ ယာဉ်အမှတ် MDY 6L/4819 (FUSO ၆ဘီးအဖြူရောင်)နှင့် ယာဉ်အမှတ် YGN 6C/ 3804 (HYUNDAI ၁၂ဘီးအဖြူရောင်) ယာဉ်(၂)စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၇၂)ချောင်း (၁၁.၁၇၆၈)တန်နှင့်အတူ တရားခံ(၅)ဦးဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

၁၈–၈–၂၀၁၈ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် ထီးချိုင့်မြို့နယ်၊ကျောက်မှော်ရွာအထက်၊ ဧရာဝတီမြစ်အတွင်း၌ တရားမဝင်ကျွန်း/အင် (သစ်/ခွဲသား/ လုံးပတ်၃ပေအောက် သစ်/ပကာ/ဖုံတို) စုစုပေါင်း (၃၁.၄၁၉၀)တန်၊တင်းဝါး(၁၂၀၀)လုံး ဖမ်းဆီးရမိခဲ့ပါသည်။





တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဇူလိုင်လအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၃၄၈၁.၃၃၈၃ | |
| ၂ | သစ်မာ | တန် | ၄၁၄၄.၉၉၈၁ | |
| ၃ | အခြား | တန် | ၅၅၅၇.၈၈၀၁ | |
| | စုစုပေါင်း | | ၁၃၁၈၄.၂၁၆၅ | စဉ် (၁) မှ (၃) |
| ၄ | မီးသွေး | တန် | ၂၆၆၂.၉၁၇၇ | |
| ၅ | ကား | စီး | ၉၁၀ | |
| ၆ | မြေကော်စက်/ ကရိန်း | စီး | ၃ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၅၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၂၈၉ | |
| ၉ | စက်လှေ/ ရေယာဉ်/ ပဲ့ထောင်လှေ | စီး | ၇၁ | |
| | စုစုပေါင်း | | ၁၃၂၉ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၂၂၉ | |

# တရားမဝင် သစ်ဖမ်းဆီးအရေးယူခြင်းနှင့် ပတ်သက်သည့် ဖြစ်စဉ်များ

ဝနှ(ဂဝ)

တရားမဝင်သစ်ဖမ်းဆီးအရေးယူမှုများနှင့် ပတ်သက်၍ ဝန်ထမ်းများအနေဖြင့် သစ်တောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ကိုယ်တိုင်နားလည် သဘောပေါက်ရန်လိုပါသည်။ အလွတ်ရရန်မဆိုလိုပါ။ လေ့လာမှတ်သားနားလည်ရန်ဖြစ်သည်။ ဝန်ထမ်းအများစုသည် နားလည်သဘောပေါက်မှုအားနည်းခြင်း၊ လေ့လာမှတ်သားမှု အားနည်းခြင်းတို့ကြောင့် သစ်တောမှုများနှင့်ပတ်သက်၍ တရားစွဲဆိုရာတွင်လည်းကောင်း၊ အမှုဖွင့်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အခက်အခဲများကြုံရခြင်း၊ ပြစ်ဒဏ်လျော့နည်းစွာဖြင့် အမှုပိတ်သိမ်းရခြင်းများ မကြာခဏကြုံတွေ့ရသည်။

## ဖြစ်စဉ်(၁)တားမြစ်ရာပါသစ်

အောက်မြန်မာပြည်ဒေသတွင် ကညင်သစ်ခွဲသား (၅ . ဝ)တန်ခန့် နေအိမ်ခြံဝင်းအတွင်း တရားမဝင်စုဆောင်းထားမှုအပေါ်တိုင်ကြားသဖြင့် ဖမ်းဆီးသည့်ကိစ္စတွင် သစ်တောဥပဒေပုဒ်မ၄၁(က)ဖြင့် တရားရုံးဦးတိုက်လျှောက်ထားရာဒဏ်ငွေ(၁၀၀၀၀)ကျပ်ဖြင့် အမှုပိတ်သိမ်းအမိန့်ချမှတ်ခဲ့ပါသည်။

ဤအမှုတွင် ကညင်သစ်မျိုးသည် အောက်မြန်မာပြည်၌ တားမြစ်ရာပါသစ်မျိုးအဖြစ် သတ်မှတ်ထားသဖြင့် အမှန်စွဲဆိုသင့်သည်မှာ ပုဒ်မ၄၂(ခ)ဖြစ်သည်။ ဤပုဒ်မသည် ဒဏ်ငွေ(၂၀၀၀၀)ဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်အထိဖြစ်စေ၊ အမိန့်ချမှတ်နိုင်သဖြင့် ထိရောက်သောပြစ်ဒဏ်ကျစေမည်ဖြစ်သည်။

သုံးသပ်ချက်။ ။ဤအမှုတွင် အထက်မြန်မာပြည်၌ သစ်တောဥပဒေပုဒ်မ ၄၁(က)ဖြင့် စွဲဆိုသည်မှာ မှန်ကန်သော်လည်း အောက်မြန်မာပြည်အတွက် ကညင်သစ်မျိုးသည် တားမြစ်ရာပါသစ်ဖြစ်သည်ကို မသိရှိခြင်း၊ လေ့လာမှုအားနည်းခြင်းကြောင့် ဖြစ်ပေါ်ရသည်ဟု သုံးသပ်ရပါသည်။

ယနေ့အထိ သစ်တောဝန်ထမ်းအတော်များများတားမြစ်ရာပါ သစ်မျိုးအမည်ကိုသေသေချာချာသိရှိသူ အတော်နည်းသည်ကို တွေ့ရှိရပါသည်။

ကျွန်း၊ အုပ်စု(၁)သစ်(သင်္ကန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ တမလန်း)နှင့် သစ်ခါး၊ သစ်ရှို၊ ရှား၊ တရော၊ ထင်းရှူး၊ ကနစို၊ သစ်မွှေး(အကျော်)ပေါင်း(၁၄)မျိုးသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၊ ကန်းဇော်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကရဝေး၊ မှန်သင်းသည် ထားဝယ်သစ်တောနယ်၊ ကညင်သည် အောက်မြန်မာပြည်၊ ပျဉ်းမ(ခမောင်း)သည် ရခိုင်၊ ပုသိမ်၊ ထားဝယ်ဒေသနှင့် ချယ်ရီသည် ကသာခရိုင်၊မိုးကုတ်နယ်၊ မန္တလေး– ပြင်ဦးလွင် သစ်တောနယ် စသည်ဖြင့် သစ်တောဥပဒေပုဒ်မ ၈ အပိုဒ်ခွဲ(ခ)အရတားမြစ်ရာပါ သစ်မျိုးများအဖြစ် ထုတ်ပြန်ကြေငြာပြီး ဖြစ်ပါသည်။ တားမြစ်ရာပါ သစ်မျိုးစာရင်းကိုသိရှိမှသာလျှင် ပုဒ်မ၃၃(က)၊ ပုဒ်မ၄၁(က)နှင့် ပုဒ်မ၄၂(ခ)အရ ဆောင်ရွက်ရမည့်အမှုများ မှန်ကန်မည်ဖြစ်ပါသည်။

## ဖြစ်စဉ်(၂) ပုဒ်မ၄၃(က)နှင့် ၄၃(ခ)

ကိုယ်ပိုင်ခြံဝင်းအတွင်းမှ ကျွန်းပင်များခုတ်လှဲမှုအားတိုင်ကြားသဖြင့် သွားရောက်အရေးယူဆောင်ရွက်သည့်ကိစ္စတွင် သစ်တောဥပဒေပုဒ်မ၄၃(က)ဖြင့် တရားစွဲဆိုနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄နှင့်အညီ ရဲစခန်း၌ ပထမသတင်းပေးတိုင်ကြားခဲ့ရာ အဆင့်ဆင့်အရေးယူဆောင်ရွက်ခဲ့ပြီး တရားရုံးတွင် တရားခံရှေ့နေ၏လျှောက်လဲချက်အရ အရေးယူသည့်ပုဒ်မ မမှန်ကန်သဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရသဖြင့် တာဝန်ရှိ ဌာနအသီးသီး၏ လုပ်ထုံးလုပ်နည်း အားနည်းချက်ပေါ်

ပေါက်ပြီး ဂုဏ်သိက္ခာကျဆင်းခဲ့ရပါသည်။

ဤအမှုတွင် ကိုယ်ပိုင်နေအိမ်ခြံဝင်းအတွင်းမှဖြစ်၍ သစ်တောဥပဒေပုဒ်မ ၄၃(ခ)အရ တရားရုံးသို့ တိုက်ရိုက် ဦးတိုက်လျှောက်ထားရန်သာဖြစ်သည်။ ပုဒ်မ၄၃(က)တွင် ''သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေတွင်ဖြစ်စေ''ဟုဖော်ပြထားပြီး ပုဒ်မ၄၃(ခ)တွင် ''သစ်တောနယ်မြေနှင့် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေမှအပကျန်မြေပေါ်တွင်''ဟုဖော်ပြထားပါသည်။ သို့ဖြစ်၍ သစ်တော ဥပဒေပုဒ်မ၂(ဃ)အရ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း(သို့) ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့်(သို့) လွှဲပြောင်းခွင့်ရှိသောမြေကိုဆိုလိုပြီး အဆိုပါမြေပေါ်တွင် ဖြစ်ပေါ်သောအမှုဖြစ်ပါသည်။

သုံးသပ်ချက်။ ။ဤအမှုတွင် သစ်တောဝန်ထမ်းနှင့်ရဲစခန်းဝန်ထမ်းတို့မှ ကျွန်းသစ်ပါသည့်ကိစ္စကိုသာစဉ်းစားပြီး ဆောင်ရွက်ခဲ့သည်ဟုသုံးသပ်ပါသည်။ သစ်တောဥပဒေပါအဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဥပဒေပါစကားရပ်များကို သေချာနားလည်သဘောပေါက်ခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သဖြင့် ဥပဒေဖြင့် အသက်မွေးဝမ်းကြောင်းပြုသောရှေ့နေများ၏ လျှောက်လဲချက်၊ မေးမြန်းချက်များအပေါ် ချေပဖြေရှင်းနိုင်ခြင်းမရှိ၍ ဖြစ်ပေါ်ရသည်ဟုသုံးသပ်ရပါသည်။

မိမိစွဲဆိုမည့် ဥပဒေပုဒ်မများနှင့်ပတ်သက်၍ ဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို နားလည်သဘောပေါက်အောင် လေ့လာမှတ်သားသင့်ပါသည်။

**ဖြစ်စဉ်(၃)သက်သေထွက်ဆိုချက်ဖြင့် တရားခံဖော်ထုတ်ပေးရန် အမှုဖွင့်ခြင်း**

မြစ်ချောင်းအတွင်း သစ်ဖောင်ဖမ်းဆီးရမိသည့်ဖြစ်စဉ်တွင် ဖောင်ပိုင်ရှင်မှာ ရေထဲခုန်ချထွက်ပြေးသွားပြီး ဖောင်ပေါ်တွင်လမ်းကြုံခရီးလိုက်သူများအား စစ်ဆေးခြင်းမပြုဘဲ ပိုင်ရှင်မဲ့အဖြစ်အမှုတည်ဆောက်ဆောင်ရွက်ခဲ့သည့်အမှုအား လက်ထောက်ညွှန်ကြားရေးမှူးမှ ကျေနပ်မှုမရှိသဖြင့် ဖောင်ပေါ်လိုက်ပါလာသူ သက်သေအားအမှုပြန်လည်စစ်ဆေးစေပြီး အဆိုပါစစ်ဆေးချက်ဖြင့် ရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်ရသည့် ဖြစ်စဉ်များရှိပါသည်။ ရဲစခန်းမှ စုံစမ်းဖော်ထုတ်ချက်အရ ရရှိသောတရားခံအား ပြစ်မှုအမျိုးအစားပေါ်လိုက်၍ အမှုဖွင့်ခြင်း၊ တရားရုံးဦးတိုက်စွဲခြင်းများဆောင်ရွက်ရပေသည်။

ဝန်ထမ်းအများစုမှာ ယင်းသို့လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ တရားခံမပါသည်နှင့် ပိုင်ရှင်မဲ့အဖြစ်တည်ဆောက်တင်ပြနေသဖြင့် အများပြည်သူ၏ သံသယဖြစ်ဖွယ်၊ အထင်အမြင်လွဲမှားဖွယ်များ ကြုံတွေ့ရခြင်းဖြစ်သည်။

သုံးသပ်ချက်။ ။ဝန်ထမ်းများအနေဖြင့် တာဝန်ကို အလေးအနက်မထားခြင်း၊ လုပ်ထုံးလုပ်နည်းကိုနားမလည်ခြင်း၊ တာဝန်ပိုလာမည်ကို စိုးရိမ်ပူပန်ခြင်းတို့ကြောင့်ဖြစ်ရသည်ဟုသုံးသပ်ပါသည်။ အချို့လည်း သက်သေ၏ထွက်ဆိုချက်ကို တရားခံမပါသဖြင့် ရဲစခန်းမှလက်မခံဟု ပြောဆိုခြင်းကို ကျိုးကြောင်းဆီလျော်စွာ ညှိနှိုင်းခြင်းမပြုဘဲ၊ လုပ်ထုံးလုပ်နည်းကိုနားမလည်ဘဲ၊ ဆက်လက်အမှုမဖွင့်ဘဲ ပိုင်ရှင်မဲ့အဖြစ် ဆောင်ရွက်နေကြသည်မှာ တာဝန်ကျေပွန်မှုမရှိဟု သုံးသပ်ပါသည်။

အမှုကိစ္စတစ်ခုဖြစ်လျှင် ထိုအမှုနှင့်ပတ်သက်၍ အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်ရန်လိုပါသည်။ ထို့ပြင် ဌာနတစ်ခုနှင့် တစ်ခု ဆက်နွယ်ဆောင်ရွက်ရသည့်ကိစ္စများတွင် နှုတ်ဖြင့်လက်ခံခြင်း၊ လက်မခံခြင်း ဆောင်ရွက်မည့်အစား တရားဝင်ရုံးစာဖြင့် ပြန်ကြားဆောင်ရွက်မှုမျိုးကို အလေးထားလိုက်နာ ဆောင်ရွက်ရန်လိုသည်ဟု သုံးသပ်ရပါသည်။

**ဖြစ်စဉ်(၄)တရားရုံးစီရင်ချက်အမိန့်အပေါ် ပြင်ဆင်မှုတက်သင့်/မသင့်**

တရားမဝင်သစ်နှင့်ယာဉ် ဖမ်းဆီးရမိဖြစ်စဉ်တွင် တရားရုံးဦးတိုက်လျှောက်ထား တရားစွဲဆိုရာ တရားရုံးမှ တရားလို တရားခံနှစ်ဖက်သက်သေများကို စစ်ဆေးပြီး စီရင်ချက်ချရာတွင် တရားခံအား ထောင်ဒဏ်(သို့)ငွေဒဏ်ချမှတ်ပြီး ဆက်စပ်ယာဉ်ကို အယူခံရက်ကျော်က မူလပိုင်ရှင်ပြန်ပေးစေရန် အမိန့်ချမှတ်သည်။ သစ်တောဦးစီးဌာနဝန်ထမ်းများအနေဖြင့် စီရင်ချက်မိတ္တူအား ပြည့်စုံအောင် မဖတ်ဘဲပုံစံချထားသည့်အတိုင်း

–ပြစ်မှုနှင့်ပြစ်ဒဏ်ဆီလျော်မှုရှိပါသည်။

–သစ်တောဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် တရားရုံးစီရင်ချက်အပေါ် ပြင်ဆင်လျှောက်ထားရန်မသင့်ပါဟူ၍ အလွယ်တကူရေးသားတင်လျက်

ရှိပါသည်။ အဆိုပါအမှုသည် အဆင့်ဆင့်တင်ပြပြီး ပြင်ဆင်မှုတက်ရန် အကြောင်းကြားစာ ပြန်လည်ကျလာသောအခါ၊ အလေးမထားခြင်း၊ ပြင်ဆင်မှုတက်ရန် လုပ်ထုံးလုပ်နည်း နားလည်မှုအားနည်းခြင်းတို့ကြောင့် ကြန့်ကြာနေပြီး အမှန်ဆောင်ရွက်ချိန်တွင် အယူခံရက်ကျော်လွန်သည့်အတွက် ပြင်ဆင်မှု မတက်နိုင်ခြင်းကြောင့် သတိပေးအရေးယူခံရမှုများ ပေါ်ပေါက်ခဲ့ပါသည်။


သုံးသပ်ချက်။ ။တရားစွဲဆိုချိန် တရားလိုအဖြစ်လည်းကောင်း ထွက်ဆိုရာတွင် ဖြစ်စဉ်ကို သေချာစွာလေ့လာထားမှုမရှိဘဲ လက်တန်းထွက်ဆိုခဲ့ခြင်း၊ မိမိ၏ဥပဒေကိုပိုင်နိုင်စွာ နားမလည်ခြင်းတို့ကြောင့် ပြစ်ဒဏ်ပေါ့လျော့သွားခြင်းဖြစ်သည်။ တရားရုံး၏ စီရင်ချက်အပေါ်အမိန့်ကိုသာကြည့်၍ ပြစ်မှုပြစ်ဒဏ်သင့်လျော်မှုရှိ/မရှိ သုံးသပ်ခြင်းမပြုပဲ အလွယ်တင်ပြခဲ့ခြင်းကြောင့် မလိုလားအပ်သော အရေးယူမှုများခံရသည်ဟု သုံးသပ်ပါသည်။ တရားရုံး၏ စီရင်ချက်မိတ္တူများရရှိသည်နှင့် မိမိကိုယ်တိုင် သုံးသပ်ဆောင်ရွက်ရန်အခက်အခဲရှိက – သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံးသို့ တရားဝင်စာဖြင့် အမှုအကြောင်းအရာ အကျဉ်းချုပ်၊ အမိန့်တို့ကို ဖော်ပြလျက်ပြင်ဆင်မှု တက်သင့်/မသင့်ညှိနှိုင်း အကြောင်းကြားတောင်းခံပြီး ဥပဒေအကြံပေးအဖွဲ့၏ ပြန်ကြားစာအပေါ် မူတည်၍ ဆက်လက် ဆောင်ရွက်ခြင်းဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အများစုမှာ ယင်းသို့ဆောင်ရွက်ခြင်း မပြုသည်ကိုတွေ့ရှိရသည်။ ယခုနောက်ပိုင်း မြို့နယ်ဥပဒေအကြံပေး အဖွဲ့မှ တရားဝင် အကြောင်းပြန်ကြားပေးလျက်ရှိသဖြင့် လိုက်နာဆောင်ရွက်သင့်ပါသည်။

တောကိုမပြုန်း ၊ ချင့်ချိန်သုံး၍
သက်ဆုံးရှည်ကြာ ၊ သုံးစွဲပါလော့။

# အချိန်ပို
## တောင်းဆိုနေပြီ



ဥတုတွေ တာဝန်ကျေလွန်းတယ်
နွေမှာလည်း ပူတာလွန်ရော
ကျောက်ခွဲအောင် ပြင်းတဲ့နေ
အရည်ပျော်ကျသလားမသိ
လက်ရှိအခြေအနေ အန်တုရင်း
ဒီတစ်နွေ ပိုပူလာတယ် ဆိုညည်းစကား
ထပ်ထပ်ခါကြားလည်း ရိုးမသွားဘူး။



မိုးရက်တွေမှာ ပိုးစိုးပက်စက်ရွာ
ရက်ရက်စက်စက် ရက်ဆက်ကြဲပက်
ဒီတစ်သက် ဒီထက်ရေကြီးမှာမဟုတ်
ပြက္ခဒိန်ဟောင်းအစုတ်အဆွေးပေါ် ရေးခြစ်ထားစာသား
နှစ်စဉ် ရိုးမသွားဘူး။



နွေမိုးက တာဝန်ကျေလေတော့
ငါလည်းလေ မနေသာဘူးဆိုပြီး
ဆောင်းလေက အသေအကြေဖောက်ပြန်လိုက်တာ
ဒီတစ်ခါအအေးဆုံးဘဲ၊ တုန်ခိုက်နာဆိုတဲ့တေးသွား
ဒါလည်း ရိုးမသွားဘူး။

ရာသီမပြတ် ဒုက္ခကပ်ကြုံ
ခဏတာရပ်တဲ့ အချိန်တွေမှာ
အမူးပြေ ထန်းပင်မှောကြည့်တဲ့ လုပ်ရပ်တွေနဲ့
မိုက်ဇာတ်တွေ ဆက်ကနေမယ်ဆိုရင်
ပိုပိုကဲတဲ့ ဥတုပျက်တွေ
ရက်တိုးတွေနဲ့အတူ
ဆိုးသထက်ဆိုးလာလိမ့်မယ် ကိုယ့်လူ။

မိုးထိ



# အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့

နှစ်စဉ် ဇူလိုင်လ(၂၆)ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့ဖြစ်ပါသည်။ ဒီရေတောများကပေးနေသည့် ရိက္ခာဖူလုံမှု၊ ကမ်းရိုးတန်းဒေသအကာအကွယ်ပေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို လျော့ပါးစေမှုတို့ကို အလေးထားအမှတ်ရစေရန်အတွက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင် ပထမဆုံးအပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့ ကုလသမဂ္ဂ ပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ The United Nations Educational, Scientific and Cultural Organization-UNESCO ကကျင်းပခဲ့ပါသည်။ ယခုနှစ် ၂၀၁၈ ခုနှစ်တွင် ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့ကို သုံးကြိမ်မြောက်ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ယူနက်စကို၏ အထွေထွေညီလာခံမှနေ၍ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့ကို သတ်မှတ်ခဲ့ပါသည်။ အဆိုပါညီလာခံက ဒီရေတောဂေဟာစနစ်သည် အခြားသောဂေဟာစနစ်များမတူပဲ ထူးထူးခြားခြားနှင့် သီးသီးသန့်သန့်ဖြစ်နေသည်ကို မီးမောင်းထိုးပြခဲ့ပါသည်။ ထို့အပြင် လူ့ပယောဂကြောင့် ထိခိုက်လွယ်နေသည့် ဂေဟာစနစ်အဖြစ်သို့ရောက်ရှိနေကြောင်းကိုလည်း ဖော်ပြခဲ့ပါသည်။

ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့ဇီဝအဝန်းကြိုးဝိုင်းနယ်မြေကွန်ရက်(World Network of Biosphere Reserves) (၆၆၉)ခုအနက် (၈၆)ခုမှာ ဒီရေတောများဖြစ်ကြပါသည်။ ထို့အပြင် ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်စာရင်း(World Heritage)တွင်လည်း အိန္ဒိယနှင့်ဘင်္ဂလာဒေ့ရှ်နိုင်ငံနှစ်ခုစလုံးတွင်ပါဝင်တည်ရှိသည့် ဂေဟာစနစ်မပျက်စီးသေးသော ကမ္ဘာ့အကြီးဆုံး စန်ဒါဘန်ဒီရေတောများ (Sundarban mangrove)ကိုထည့်သွင်းထားပါသည်။ ယူနက်စကို၏ ကမ္ဘာလုံးဆိုင်ရာဘူမိဥယျာဉ်ကွန်ရက်(Global Geoparks Network)တွင်လည်း ဒီရေတောများကို အလေးထားထည့်သွင်းထိန်းသိမ်းထားပါသည်။

ကမ္ဘာပေါ်တွင် ဒီရေတောများကို အပူပိုင်းနှင့်သမပိုင်းဒေသများရှိ ပင်လယ်ဒီရေအတက်အကျရှိသည့်နေရာများတွင်တွေ့ရပါသည်။ ဒီရေတောများသည် အမြဲစိမ်းတောများဖြစ်ကြပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချင်းရာများပေါ်မူတည်၍ ပျမ်းမျှအမြင့်ပေ ၁၀၀ မှ ၁၂၀အထိကြီးထွားကြပါသည်။ မှတ်တမ်းများအရ တောင်



အမေရိကတိုက်ရှိ အီကွေဒေါနိုင်ငံတွင် အမြင့်ပေ ၂၀၀နီးပါး ရှိသည့် ပြူးခြေထောက်အပင်ကို တွေ့ရသည်ဟုသိရပါသည်။

ဒီရေတောပင်များ၏ ထူးခြားချက်မှာ လေရှူမြစ်များရှိခြင်းနှင့်အသီးတောင့်များသည် မိခင်ပင်မှမကြွေကျမီကတည်းကပင် အညှောင့်ပေါက်ခြင်း(Viviparous)တို့ပင် ဖြစ်ပါသည်။ အရွက်များကသာမက လေရှူမြစ်များကပါ အစာချက်လုပ်နိုင်ခြင်းသည်လည်း နောက်ထပ်ထူးခြားချက်တစ်ခုဖြစ်ပါသည်။ လေရှူမြစ်များသည် ဒီရေတက်လာ၍ အပင်ရေအောက်ခေတ္တမြုပ်ချိန်တွင် အသုံးပြုရန်လိုအပ်သည့် အောက်ဆီဂျင်အားလည်း သိုလှောင်ထားပါသည်။ အပင်အတွက်လိုအပ်သော ဓါတ်ငွေ့ဖလှယ်သည့် လုပ်ငန်းစဉ်များကိုလည်းပြုလုပ်ပေးပါသည်။

ယူနက်စကိုအဖွဲ့၏ ညွှန်ကြားရေးမှူးဟောင်း Mrs.Vannucci ရေးသည့်The Mangroves and US စာအုပ်တွင် အင်္ဂလိပ်ဘာသာဖြင့် မွေးစားသမှုပြုထားသော (Mangroves)ဟူသည့်စကားလုံးသည် အာဖရိကန်(ဆီနီဂေါ) ဘာသာမှဆင်းသက်လာသည်ဟု အထောက်အထားများစွာဖြင့် ရှင်းပြထားသည်ကို ဖတ်ရှုဖူးပါသည်။ ပေါ်တူဂီတို့မှ ၁၅ ရာစုအစောပိုင်းတွင် သိရှိမှတ်သားပြီးခေါ်ဝေါ်သုံးစွဲခဲ့ကြသည်ဟုဆိုပါသည်။ အင်္ဂလိပ်–မြန်မာအဘိဓါန်တွင် လမုတောဟုဘာသာပြန်ဆိုထားပါသည်။ (Mangroves) ဆိုသည့်အဓိပ္ပါယ်သည် လမုတောဆိုသည့်စကားရပ်ထက် ပိုမိုကျယ်ဝန်းပါသည်။ အမှန်မှာ ဒီရေရောက်သည့်အရပ်ဒေသများတွင် ပေါက်ရောက်ကြသဖြင့် ဒီရေတောဟုဆိုလျှင် သင့်လျော်မည်ဟုထင်မြင်ပါသည်။

ကမ္ဘာပေါ်တွင် ဒီရေတောကေ(၄၂)သန်းခန့်ရှိပါသည်။ အာရှပစိဖိတ်ဒေသတွင် ကေ(၁၉)သန်းခန့် ရှိပါသည်။ ကမ္ဘာ့ဒီရေတောဧရိယာစုစုပေါင်းသည် ကမ္ဘာ့သစ်တောများ ဧရိယာစုစုပေါင်း၏(၀.၄)%ထက်ပင် လျော့နည်းပါသည်။ မြန်မာနိုင်ငံတွင် ဒီရေတောများကို ရခိုင်ပြည်နယ်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင်အများအားဖြင့်တွေ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင်လည်း အနည်းအကျဉ်းတွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာကေနစ်သန်းနီးပါးရှိပါသည်။ နိုင်ငံရှိဒီရေတောဧရိယာ စုစုပေါင်း၏ ထက်ဝက်ခန့်အား ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် တွေ့ရပါသည်။

မြန်မာ့ဒီရေတောများတွင် မူရင်းဒီရေတောသစ်မျိုးစိတ်များအပြင် ၄င်းတို့နှင့်ဆက်နွယ်ပေါက်ရောက်လျက်ရှိသည့် မျိုးစိတ်ပေါင်း(၁၀၀)ခန့်ရှိပါသည်။ အဓိကပေါက်ရောက်လျက်ရှိသည့် သစ်မျိုးများမှာ ကနစို၊ သရော၊ ပြူးမျိုးစုံ၊ လမု၊ သမဲ့၊ ကန့်ပလာ၊ မဒမ၊ ရေခယား၊ မြင်းက၊ ပင်လယ်အုန်း၊ ကျနနှင့် ဓနိအစရှိသည့် သစ်မျိုးများဖြစ်ပါသည်။

ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သူများသည် ရိက္ခာ၊ လောင်စာ၊ ဆေးဝါးနှင့် အခြားလိုအပ်ချက်များအတွက် ဒီရေတောများအပေါ်မှီခိုနေကြရပါသည်။ အစာစွမ်းအင်ထုတ်လုပ်သည့် အမြင့်ဆုံးဂေဟစနစ်များအနက် ဒီရေတောဂေဟစနစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဒီရေတောများသည် ငါး၊ပုစွန်အစရှိသည့် ရေသတ္တဝါများ၏ ပေါက်ဖွားကျက်စားရာနေရာဖြစ်ပါသည်။ ထို့ကြောင့် ဒီရေတောများမရှိလျှင် ငါး၊ပုစွန်မရှိဆိုသည့် ဆိုရိုးစကားပင်ရှိခဲ့ပါသည်။

မြန်မာ့ဒီရေတောများ၏ ပေါက်ရောက်မှုသည် ကမ္ဘာ့ဒီရေတောပညာရှင်များ၏ သတ်မှတ်ချက်အရ ဒီရေအတက်အကျရှိပြီး မိုးရာသီတွင်ရေဖုံးလွှမ်းမှုရှိသည့် တောအမျိုးအစား(Riverine Forests)၊ ပုံမှန်ရေအတက်အကျရှိသည့် ဆင်ခြေလျောကမ်းရိုးတန်းများတွင် ပေါက်ရောက်သည့် တောအမျိုးအစား(Fringe Mangroves)နှင့် ရေထသည့်အပတ်တွင် ပုံမှန်ရေရောက်သည့် ကျွန်းငယ်လေးများတွင်ပေါက်ရောက်သည့်အမျိုးအစား(Overwash Forests) တို့ဖြစ်ကြပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် (Riverine Forests)ကိုအဓိကတွေ့ရပြီး ရခိုင်နှင့်တနင်္သာရီဒေသများတွင်(Fringe Mangroves) ကမ်းလွန်ကျွန်းငယ်များတွင်(Overwash Forests)ကိုတွေ့ရလေ့ရှိပါသည်။ အပူပိုင်းဒေသရှိ အခြားဒီရေတောများနည်းတူ ဒီရေတောများသည် ထင်း၊မီးသွေး၊သစ်နှင့်အခြားလိုအပ်ချက်များကြောင့် အလွန်အမင်းခုတ်ယူခဲ့ကြပါသည်။ ထို့အပြင် လယ်ယာမြေချဲ့ထွင်ခြင်း၊ ပုစွန်ကန်နှင့် ဆားကွင်းများပြုလုပ်ခြင်းတို့ကြောင့် ကြောက်ခမန်းလိလိ ပြုန်းတီးလာခဲ့ပါသည်။ မြန်မာ့ဒီရေတောများ၏ ပြုန်းတီးမှုနှုန်းသည် အခြားတောများထက် သုံးဆခန့်ပိုများနေပါသည်။ ဥပမာအားဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၀၀နှင့် ၂၀၁၁ ခုနှစ်ကြားတွင် တစ်နှစ်လျှင်ကေ ၆၀၀၀ခန့် ပြုန်းတီးခဲ့ပါသည်။

ဒီရေတောများပျက်စီးလာသည်နှင့်အမျှ ထင်း၊ တိုင်၊မျောနှင့် သစ်များရှားပါးလာခြင်း၊ ဒီရေတောများတွင် ပေါက်ဖွားကြီးပြင်းရသော ငါး၊ပုစွန်နှင့် အခြားရေသတ္တဝါများ ရှားပါးပျောက်ကွယ်လာခြင်း၊ ကမ်းရိုးတန်းဒေသများတွင် လေပြင်းမုန်တိုင်းနှင့် ရေလှိုင်းဒဏ်ကို ပိုမိုခံစားလာရခြင်းနှင့် ဆားငံရေများကုန်းတွင်းပိုင်းသို့ ပိုမိုစိမ့်ဝင်လာခြင်း စသည့်ဆိုးကျိုးများကို တစ်နေ့တခြား ပိုမိုခံစားလာနေကြရပါသည်။ ၂၀၀၄ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်းဒဏ်ကို ဒီရေတောမရှိသည့်ဒေသများတွင် ဒီရေတောရှိသည့်ဒေသများထက် ပိုမိုခံစားခဲ့ရကြောင်း သုတေသနတွေ့ရှိချက်များက အထင်အရှားသက် သေပြခဲ့ပြီးဖြစ်ပါသည်။

**စာမျက်နှာ - ၁၉ သို့**



# ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းတရားများ
# (Causes of Global Warming)



*ယခင်လမှအဆက်*

မြင့်ဆွေ (သစ်တောပညာ-၁၉၇၅)

* * *

ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာ့လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုမှာ ၃၅၀ppm ထက်မကျော်လွန်သင့်ကြောင်းသိရှိရသည်။ စက်မှုမထွန်းကားမီ ၁၈၀၀ခုနှစ်က ကမ္ဘာ့လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုပမာဏမှာ ၂၇၅ ppm ခန့်သာရှိခဲ့သဖြင့် လူသားများအသက်ရှင် နေထိုင်ရန်အတွက် အအေးဓါတ်လွန်ကဲသည်ဟုပြောဆိုခဲ့ကြသည်။ ယခုအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်၏ပမာဏမှာ ၃၉၆ ppm သို့ရောက်ရှိခဲ့သဖြင့် ကမ္ဘာကြီး၏ ပျှမ်းမျှအပူချိန်မှာ တိုးတက်မြင့်မားလာသဖြင့် ရေခဲပြင်များအရည်ပျော်ပြီး၊ လျှင်မြန်စွာပျောက်ကွယ်နေခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်းစသည်ဖြင့် ရာသီဥတုဖေါက်ပြန်ပြီး၊သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ကမ္ဘာ့လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုပမာဏ အနည်းအများပေါ်မူတည်ပြီး၊ ခြုံငုံသုံးသပ်ကြည့်ပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ နည်းလွန်းပါက အအေးဓါတ်လွန်ကဲခြင်း၊ များလွန်းပါက အပူချိန်လွန်ကဲခြင်းတို့ကြောင့် ၄င်းပမာဏသည် ၃၅၀ppm ဖြစ်ပါက ရာသီဥတုသင့်တင့်မျှတသည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏကို လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်များသည် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများကျင်းပပြီး ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ၄င်းပြင်နိုင်ငံခေါင်းဆောင်များ၊ စီမံခန့်ခွဲအုပ်ချုပ်သူများ၊ စီမံကိန်းရေးဆွဲသူများ သိသာမြင်သာစေရန်အတွက် ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်ပြီး၊ အစီရင်ခံစာများရေးသားပြီး အကြံပြုချက်များနှင့် သုံးသပ်ချက်များကို တင်ပြခဲ့ကြသည်။



မိုးခေါင်ရေရှားခြင်း




ရေကြီးခြင်း

## ကမ္ဘာ့လေထုထဲရှိ GHG ဓါတ်ငွေ့များ၏ အချိုးအစား

GHG ဓါတ်ငွေ့များက ကမ္ဘာကြီးပူနွေးလာစေရန် အထောက်အကူပေးသည့် အချိုးအစားကို လေ့လာကြည့်ပါက ကာဗွန်ဒိုင်အောက်ဆိုဒ်($CO_2$)၆၀% ၊ မီသိန်း($CH_4$)၁၅% ၊ နိုက်ထရပ်အောက်ဆိုဒ် ($N_2O$)၅%၊ အိုဇုန်း($O_3$)၈%နှင့် ကလိုရိုဖလူရိုကာဗွန် (CFCs)၁၂%ခန့် ပါရှိပါသည်။ GHG ဓါတ်ငွေ့များ၏ အချိုးအစားကို ပုံ(၂)တွင်ဖေါ်ပြထားပါသည်။

ပုံ(၂) Greenhouse Gases: Degree of Contribution to Globle Warming




ဇစ်မြစ်။ World Resources Institutes to Global Warming

**ကာဗွန်စုပ်ထိန်းကန်များ(Carbon Sinks)**

အပင်များအစာချက်လုပ်ခြင်း လုပ်ငန်းစဉ်တွင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မြေကြီးအတွင်းမှ ရေတို့ကိုစုပ်ယူပြီးနောက် နေရောင်ခြည်စွမ်းအင်ဖြင့် ကာဗွန်ကို ကာဗိုဟိုက်ဒရိတ်ခေါ် ရုပ်ကလပ်ဝတ္ထု(Organic matter)အဖြစ် ပြောင်းလဲခြင်းဖြင့် ထိန်းထားပြီး၊ အောက်ဆီဂျင်($O_2$)ကို လေထဲသို့ပြန်လွှတ်ပေးသည်။ Organic matterတိုင်းတွင် ကာဗွန်ပါရှိသည်။ ကာဗွန်သည် သစ်ပင်တွင် သစ်ရွက်များ၊ သစ်ကိုင်းများ၊ အမြစ်များနှင့် ပင်စည်များအဖြစ် တည်ရှိပါသည်။ ကမ္ဘာ့မြေပေါ်ရှိ အပင်များက ထိန်းထားသော ကာဗွန်ပမာဏ စုစုပေါင်း၏ ၉၀% ခန့်ကို သစ်ပင်များက ထိန်းထားခြင်းဖြစ်သည်။

**ရေ+ကာဗွန်ဒိုင်အောက်ဆိုဒ်+နေရောင်ခြည်= ရုပ်ကလပ်ဝတ္ထု+အောက်ဆီဂျင်**

$[6H_2O + 6CO_2 + \text{Solar Energy} = C_6H_{12}O_6 + 6O_2]$

$C_6H_{12}O_6$ = Carbohydrate = **ရုပ်ကလပ်ဝတ္ထု**

ထို့ကြောင့် သစ်ပင်များ၊ သစ်တောများကို ကာဗွန်စုပ်ထိန်းကန်များ (Carbon Sinks)ဟု ပညာရှင်များက တင်စားခေါ်ဝေါ်ခဲ့ကြသည်။ မိမိအနေဖြင့် အဆိုပါတင်စားချက်အပြင် သစ်ပင်များ၊ သစ်တောများကို အောက်ဆီဂျင်ထုတ်ပေးသော စက်ရုံများဟုလည်း တင်စားလိုသည်။

ပုံ(၂)အရ လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုအချိုးအစားမှာ၆၀%ဖြစ်သဖြင့် အများဆုံးဖြစ်ပါသည်။ ဤသို့ဖြစ်ရသည့် အဓိကအကြောင်းရင်းမှာ ကမ္ဘာ့လူဦးရေမှာ တစ်နေ့ပြီးတစ်နေ့ တိုးတက်များပြားလာသောကြောင့်ဖြစ်ပါသည်။ လူများအနေဖြင့် အသက်ရှူရာ၌ လေထုထဲမှလေကို ခန္ဓာကိုယ်ထဲသို့ ရှူသွင်းလိုက်ပြီး၊ ခန္ဓာကိုယ်အတွင်း၌ အစာချေချက်မှု၊ ကြီးထွားမှု၊ စွန့်ထုတ်မှုစသည့် ဇီဝတွင်းဖြစ်ပျက်မှု(Metabolism)နှင့် ဆဲလ်များအသက်ရှူခြင်း(Cell Respiration)ကြောင့် ဘေးထွက်ပစ္စည်း(By-product)အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လုပ်ပေးပါသည်။ လူများအသက်ရှူထုတ်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးပါသည်။ လူဦးရေတိုးတက်များပြားလာသည့်အတွက် နေစရာမြေနေရာများ၊ စိုက်ပျိုးမွေးမြူရန် မြေနေရာများ၊ အိမ်ဆောက်ရန်သစ်သားများ၊ ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးများလိုအပ်လာသဖြင့် သစ်တောများကို ခုတ်ထွင်ရှင်းလင်းမီးရှို့ပြီး၊ လယ်ယာမြေများဖော်ထုတ်ခြင်း၊ သစ်၊ ထင်းနှင့် မီးသွေးများထုတ်လုပ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း (Shifting Cultivation) စသည်တို့ကြောင့် သစ်တောပြုန်းတီးမှု (Deforestation)များဖြစ်ပေါ်ခဲ့ရသည်။ ယခုအထိလည်း ဖြစ်ပေါ်နေဆဲဖြစ်သည်။ လူများချက်ပြုတ်စားသောက်ရာမှလည်းကောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရန်အတွက် စက်ရုံများ လည်ပတ်ရာ၌လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် ယာဉ်ယန္တရားများသုံးစွဲရာမှလည်းကောင်း၊ လူနှင့်တိရစ္ဆာန်များ အသက်ရှူထုတ်ရာမှလည်းကောင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲသို့ အချိန်နှင့်အမျှ ထုတ်လွှတ်ပေးနေသည်။

**လူတစ်ဦးအတွက် တစ်နေ့တာ အောက်ဆီဂျင်လိုအပ်ချက်**

NASA မှဖော်ပြထားသည့် ကိန်းဂဏန်းအရ အရွယ်ရောက်လူတစ်ဦး တစ်နေ့တာ အသက်ရှင်ရန် ပျမ်းမျှ $O_2$လိုအပ်ချက်မှာ ၀.၈၄ ကီလိုဂရမ်ခန့်ဖြစ်သည်။ ကနေဒါအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်း (Canada's National Environmental Agency)၏ သုတေသနပြုချက်အရ ပျမ်းမျှခြင်းအားဖြင့် အရွယ်ရောက်သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် $O_2$ ပမာဏ ၂၆၀ ပေါင်ခန့်ကို ထုတ်လုပ်ပေးနိုင်သည်။ တစ်နည်းဆိုသော် တစ်ရက်လျှင် ၀.၇၁ ပေါင်ခန့်ကို ထုတ်လုပ်ပေးနိုင်သည်။ သို့ရာတွင် ဤထုတ်လုပ်မှုပမာဏမှာ သစ်မျိုး၊ အရွယ်အစား၊ အသက်နှင့် ပတ်ဝန်းကျင်အခြေအနေများပေါ် မူတည်နေသည်။ အကြမ်းဖျင်းအားဖြင့် အရွယ်ရောက် သစ်ပင် ၂ ပင်သည် လူ ၄ ဦးပါရှိသည့် မိသားစုတစ်စုအတွက် လုံလောက်သော $O_2$ ပမာဏကို ထုတ်လုပ်ပေးနိုင်သည်။ သို့ဖြစ်၍ ကျေးရွာ၊ မြို့ပြနှင့်အိမ်ရာသစ်များဆောက်လုပ်ရာ၌ နေထိုင်မည့် လူဦးရေပေါ်မူတည်ပြီး၊ $O_2$ပမာဏလုံလောက်စွာ ရရှိရန်အတွက် လိုအပ်မည့် သစ်ပင်အရေအတွက်ကိုတွက်ချက်ပြီး၊ စိုက်ပျိုးပေးရန် လိုအပ်သည်။ ၎င်းပြင် အိမ်ထောင်စုတစ်စုချင်းအနေဖြင့်လည်း မိမိပတ်ဝန်းကျင်ရှိ လေထုထဲမှ $CO_2$ ကိုလျှော့ချပြီး လေထုပိုမိုသန့်ရှင်း စင်ကြယ်လာစေရန်နှင့် မိမိတို့အသက်ရှူရန် အောက်ဆီဂျင်ဓါတ် အလုံအလောက်ရရှိစေရန်အတွက် သစ်ပင်နှင့်ပန်းပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးပေးရန် မရှိမဖြစ်လိုအပ်သည်။ သို့မှသာ ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့၏ ဦးတည်ချက်ဖြစ်သည့် သစ်တောများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သောမြို့ကြီးများ(Forests and Sustainable Cities) အဖြစ်ဖော်ဆောင်ပေးနိုင်မည်။

**သစ်သားအသုံးပြုခြင်း**

ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (International Institute for Environment and Development)မှထုတ်ဝေသည့် ရာသီဥတုပြောင်းလဲ ဆိုးဝါးခြင်းလျော့ပါးစေရန် သစ်သားအသုံးပြုခြင်း (၂၀၀၄) [ Using woods to mitigate climate change (2004)]စာစောင်အရ သစ်သား ၁ ကုဗမီတာကြီးထွားတိုင်းလေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ၀.၉ တန်

ခန့်ကို စုပ်ယူထားနိုင်သည်။ ၎င်းပြင် သစ်သားမှကုန်ချော ထုတ်လုပ်ရန် စွမ်းအင်အနည်းဆုံး၊ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအနည်းဆုံးလိုအပ်သဖြင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏလည်း အနည်းဆုံးဖြစ်သည်။ သို့ရာတွင် အခြားသောဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်ကြသည့် ကွန်ကရစ်၊ အုတ်၊ စတီးလ်၊ အလူမီနီယံတို့ကိုထုတ်လုပ်ရာ၌ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများစွာအသုံးပြုရ၍ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုပမာဏမှာ များပြားလှသည်။ သစ်သားကို အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအစား အစားထိုးသုံးစွဲပါက သစ်သား ၁ ကုဗမီတာသုံးစွဲတိုင်း လေထုထဲသို့ ၀.၇၅ မှ ၁.၁ တန်အထိ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် အခြားသောဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအစား သစ်သား ၁ ကုဗမီတာ အစားထိုးသုံးစွဲတိုင်း လေထုထဲမှ $CO_2$ ၂ တန် (၀.၉+ ၁.၁ = ၂)%ခန့်ကို လျှော့ချပေးရာရောက်သည်ဟု ဆိုနိုင်ပါသည်။

## သဘာဝဘေးအန္တရာယ်အများဆုံးဖြစ်ပွားရာအာရှဒေသ

၂၀၁၇ ခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် သဘာဝဘေးအန္တရာယ်စုစုပေါင်း ၁၄၉ ခုဖြစ်ပွားရာ လူပေါင်း ၃,၁၆၂ဦးသေဆုံးခဲ့ပြီး၊ အာရှဒေသသည် သဘာဝဘေးဖြစ်ပွားမှုကြောင့် လူသေဆုံးမှုနှင့် စီးပွားရေး ထိခိုက်ဆုံးရှုံးမှုတို့တွင် ထိပ်ဆုံးမှရပ်တည်နေသည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇၀၇ သန်းခန့် ဆုံးရှုံးနစ်နာနေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)က သတင်းထုတ်ပြန်ခဲ့သည်။ ထိုကဲ့သို့ သဘာဝ ဘေးအန္တရာယ်များဖြစ်ပွားရခြင်းမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့်ဖြစ်သည်။ ထိုဖြစ်စဉ်အားလုံးသည် သဘာဝအလျောက်ဖြစ်ပေါ်သည်ထက် လူသားတို့၏ ဝိသမလောဘများဖြင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပွားရသည်က ပိုပြီးများသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ လျော့ကျအောင်လုပ်ဆောင်ရမည်မှာ လူသားတိုင်း၏တာဝန်ဖြစ်သည်။ လိုအပ်သော ငွေကြေးအကူအညီ၊ နည်းပညာအကူအညီ၊ ပညာရှင်များ အကူအညီ၊ ပြည်သူလူထု၏အကူအညီဖြင့် ရေတိုရေရှည်စီမံချက်များချမှတ်ပြီး စနစ်တကျဆောင်ရွက်ကြရမည်။ ၎င်းပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း၊ပုဒ်မ ၃၉၀၌ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်ဟု ဖော်ပြထားသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပြီး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။

## မြန်မာ့ရာသီဥတုပြောင်းလဲမှုအပေါ် ပြစ်တင်ဝေဖန်မှုများ

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုလည်းပြောင်းလဲလာသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုမှာလည်း လိုက်လျောညီထွေစွာ ပြောင်းလဲလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှု (Climate Change)ကြောင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့နေရပြီး၊ လူသေဆုံးမှုနှင့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။ မြန်မာ့ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရှိ ပညာရှင်အချို့အမြဲကောက်ချက်ချလေ့ရှိသောစကားရပ်မှာ သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုဖေါက်ပြန်တာဟုဖြစ်သည်။ စာရေးသူအနေဖြင့် အဆိုပါပုဂ္ဂိုလ်များ၏ ကောက်ချက်ချမှုမှာ တစ်စိတ်တစ်ပိုင်းအနေဖြင့်သာ မှန်ကန်ပြီး၊ ရာခိုင်နှုန်းပြည့် လုံးလုံးလျားလျား မှန်ကန်ခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေသည့် ထင်ရှားသည့် အကြောင်းတရားများစွာအနက် သစ်တောပြုန်းတီးမှု (Deforestation)မှာ တစ်စိတ်တစ်ပိုင်း အနေဖြင့်သာ ပါဝင်နေသောကြောင့်ဖြစ်သည်။



## နိဂုံး

အချုပ်ဆိုရလျှင် ကမ္ဘာကြီးပူနွေးလာမှု အန္တရာယ်ကိုကာကွယ်ရန်နှင့် ထိုအန္တရာယ်မှ လျော့နည်းသက်သာစေရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပေးရန်လိုအပ်ပါမည်။

**(၁) ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ၊ သုံးစွဲခြင်းကို လျှော့ချပေးရပါမည်။**

**(၂) ကာဗွန်စုပ်ကန်များဖြစ်ကြသည့် သဘာဝ သစ်တောများထိန်းသိမ်းခြင်း၊ သစ်တောပြုန်း တီးမှုကိုလျော့နည်းစေခြင်းနှင့် သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ခြင်းတို့ကိုဆောင်ရွက်ပေးရပါမည်။**

**(၃) သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နေ၊ရေ၊လေ၊မြေကြီးမှ စွမ်းအင်ထုတ်ယူသုံးစွဲမှုကိုမြှင့်တင်ပေးရပါမည်။**

**(၄) စွမ်းအင်ချွေတာသည့် အဆောက်အဦများ ဆောက်လုပ်ပြီး နေထိုင်ရပါမည်။**

**(၅) ပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းစေမည့် ထိရောက်သော ပို့ဆောင်ရေးစနစ်ကို အသုံးပြုရပါမည်။**

**(၆) ရင်းမြစ်များကို ပြန်လည်လှည့်ပတ် အသုံးပြုခြင်းဖြင့် အလေအလွင့်ကို လျှော့ချရပါမည်။**

**(၇) သစ်ကိုကြာရှည်ခံအောင်ပြုလုပ်ပြီး၊ ပိုမိုကောင်းမွန်စွာ အသုံးပြုရပါမည်။**

**(၈) မြေဆီလွှာတွင် ကာဗွန်သိုလှောင်နိုင်မှု မြင့်မားစေမည့် စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုရပါမည်။**

**(၉) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သို့မဟုတ် ထိခိုက်မှုအနည်းဆုံးနှင့် ပြည်သူလူထု၏လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ(Green Economy)ကို ဦးစားပေးဆောင်ရွက်ရပါမည်။**

**(၁၀)ရာသီဥတုပြောင်းလဲဆိုးဝါးခြင်း လျော့ပါးစေမှု (Climate Change Mitigation)နှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေနေထိုင်မှု (Climate Change Adaptation)နှင့် ပတ်သက်ပြီး၊ ပြည်သူလူထုထံသို့အသိပညာပေးမှုကို တိုးမြှင့်ပေးရပါမည်။**

ကျမ်းကိုးစာရင်း

၁။ ပြည်သူ့အတွက်သစ်တောပညာ၊ ဒေါက်တာကျော်တင့်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန။
၂။ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလထုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ်။
၃။ www.livescience.com/topics/global-warming

စာမျက်နှာ - ၁၅ မှအဆက်

၂၀၀၈ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်းတိုင်းကြီးကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လူအမြောက်အမြားသေကြေပြီး အပျက်အစီးများစွာရှိခဲ့ပါသည်။ အကယ်၍ ဒီရေတောများပြုန်းတီးခြင်းမရှိဘဲ မူလအနေအထားအတိုင်းရှိနေခဲ့လျှင် အသေအပျောက်အပျက်အစီးနည်းမည်ဖြစ်ကြောင်း သုတေသီများကဆိုခဲ့ကြပါသည်။ ဒီရေတောများသည် သဘာဝဘေးရန်အတွက် ဇီဝဒိုင်း (Bio-Shield)များဖြစ်ကြပါသည်။

ယခုအခါတွင် ဒီရေတောများပျက်စီးပြုန်းတီးခြင်းကြောင့် ပင်လယ်ကမ်းရိုးတန်းနေဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေများကို ထိခိုက်လျက်ရှိပါသည်။ အထူးသဖြင့် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ပါသည်။ ထို့အပြင် ဒီရေတောဧရိယာနှင့် ထိစပ်လျက်၊ လုပ်ကိုင်လျက်ရှိသော လယ်သမားများလည်း ကုန်းတွင်းသို့ဆားငံရေဝင်ရောက်မှုကြောင့်၊ လယ်ယာထွက်နှုန်းကျဆင်းလျက် အလားတူခံစားနေရပါသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များဖြစ်သည့် ပုံမှန်မဟုတ်သည့် လေပြင်းများတိုက်ခြင်း၊ မုန်တိုင်းများမကြာခဏဖြစ်ပေါ်ခြင်းနှင့် မိုးသည်းထန်ခြင်းစသည့် သဘာဝဘေးရန်များကို ပိုမိုခံစားလာရပါသည်။ ဒီရေတောများကို အချိန်မီမထိန်းသိမ်း၊ ပြန်လည်မစိုက်ပျိုးနိုင်ခဲ့လျှင် ပိုမိုဆိုးရွားသောအကျိုးဆက်များကိုတွေ့ကြုံလာရနိုင်ပါသည်။

လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရသည် ဒီရေတောထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဌာနက တိုက်ရိုက်တည်ထောင်သည့် ဒီရေတောစိုက်ခင်းများအပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဒီရေတောစိုက်ခင်းများနှင့် ပုဂ္ဂလိကများကစိုက်ပျိုးသည့် စိုက်ခင်းများလည်းရှိပါသည်။ သို့သော်ပြန်လည်စိုက်ပျိုးနိုင်သည့်ဧရိယာသည် အရှိန်အဟုန်နှင့် ပြုန်းတီးနေသည့်ပမာဏကို လိုက်မီရန်လိုနေပါသေးသည်။ ပိုမိုအားထည့်ဆောင်ရွက်ရန်လိုနေပါသည်။ ကမ်းရိုးတန်းနေ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရှိ ကမ်းရိုးတန်းနေပြည်သူအားလုံး ဒီရေတောများ၏တန်ဖိုးကိုနားလည်ပြီး ထိန်းသိမ်းခြင်းနှင့်ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

# ဒေသခံပြည်သူလူထုများအပေါ် အခြေခံ၍ REDD+ ၏ ပဏာမခြေလှမ်းကိုဆန်းစစ်ခြင်း

နီဝင်းဖူး (တောအုပ်ကြီး)

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သော်လည်း သစ်အလွန်အကျွံခုတ်ခြင်း(တရားဝင်၊ တရားမဝင်)၊ ထင်းလောင်စာသုံးစွဲခြင်း၊ သတ္တုတူးဖော်ခြင်း၊ စနစ်တကျသစ်ခုတ်ယူမှုမရှိခြင်း၊ သစ်တောမြေများတွင် စိုက်ပျိုးမြေများနှင့် မြို့ရွာများတိုးချဲ့လာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ စသည့်အကြောင်းအမျိုးမျိုးကြောင့် သဘာဝသစ်တောဖုံးလွှမ်းမှုသည် တဖြည်းဖြည်းလျော့နည်းလာပြီး သစ်တောအတန်းအစားကျဆင်းသည့် ပြဿနာရပ်များကိုလည်း နှစ်စဥ်ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ သစ်တောသယံဇာတဆန်းစစ်ချက်(FRA 2015)အရ မြန်မာနိုင်ငံ၏ လက်ရှိသဘာဝသစ်တောဖုံးလွှမ်းမှုသည် ၄၂.၉၂%သာကျန်ရှိတော့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ သစ်တောများအလွန်အကျွံပြုန်းတီးလာမှုတို့ကြောင့် တစ်နှစ်ထက်တစ်နှစ်လည်း ရာသီဥတုများပြောင်းလဲဖောက်ပြန်လာကာ သဘာဝဘေးအန္တရာယ်များကိုလည်း နှစ်စဥ်ကြုံတွေ့ခံစားလျက်ရှိပေသည်။ နယ်ပယ်အသီးသီးတွင်လည်း ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို နည်းလမ်းမျိုးစုံဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် ထာဝစဥ်တည်တံ့သောသစ်တောများ စီမံအုပ်ချုပ်မှုရရှိရန်အတွက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း(REDD+)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်းသည် အဓိကကျသည့်လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပေသည်။

သစ်တောသုတေသနဌာန(ရေဆင်း)နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးဗဟိုဌာန(International Center for Integraded Mountain Development-ICIMOD)တို့ပူးပေါင်း၍ REDD+ ပဏာမ ခြေလှမ်းအနေဖြင့် မြန်မာနိုင်ငံရှိ တောင်တန်းဒေသများတွင် သမားရိုးကျမဟုတ်သော မြေအသုံးချမှု၊ တောပေါ်မှီခိုနေမှုများကို ဆန်းစစ်လေ့လာရန်အတွက် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ ကျေးရွာအချို့ကိုသွားရောက်၍ စာရင်းကောက်ယူခဲ့သည့်အနက်မှ ရပ်စောက်မြို့နယ်၊ ရေဝင်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအပေါ် မေးခွန်းမေးမြန်းခြင်းနှင့် ရွာအနီးရှိ တောအခြေအနေများ သွားရောက်လေ့လာခြင်းတို့မှ ကြုံတွေ့ရသည့် ဗဟုသုတများ၊တွေ့ရှိချက်များ၊ သုံးသပ်ချက်များကို ဤဆောင်ပါးတွင်မျှဝေရေးသားဖော်ပြအပ်ပါသည်။ လေ့လာတွေ့ရှိချက်အရ မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ် တောင်ပေါ်ဒေသများမှ အချို့ကျေးလက်ဒေသများရှိ အိမ်ထောင်စုများသည် လျှပ်စစ်မီးမရရှိသဖြင့် ထင်း၊ မီးသွေးလောင်စာရရှိရန် ၎င်းတို့နှင့်နီးစပ်ရာသစ်တောများအပေါ် အဓိကမှီခိုအားထားနေရသည့်အတွက် အဆိုပါနေရာများတွင် ထင်းလိုအပ်ချက် မြင့်မားလျက်ရှိပေသည်။ အချို့သော ကျေးရွာများတွင် မီးအလင်းရောင်ရရှိရေးနှင့် ဖုန်းအားသွင်းရန်ဆိုလာပြားများ ဝယ်ယူသုံးစွဲလျက်ရှိသော်လည်း အိမ်တွင်းချက်ပြုတ်ရေး၊ အနွေးဓာတ်ရရှိရေးနှင့် လက်ဖက်စိုက်ပျိုးသောနေရာများတွင် လက်ဖက်လှော်ရန်အတွက် ထင်းကိုသာ အဓိကမှီခိုအားထားနေရဆဲဖြစ်ပေသည်။

အချို့သော ကျေးရွာများတွင် ဥပမာ–တောင်ကြီး ခရိုင်၊ ရပ်စောက်မြို့နယ်၊ ရေဝင်ကျေးရွာတွင်အိမ်ထောင်စုများ၏ တစ်နှစ်ပျမ်းမျှဝင်ငွေသည် (၉)သိန်းခန့်ရှိပြီး လျှပ်စစ်မီးမရရှိသည့်အတွက် ၎င်းတို့၏ ဝင်ငွေ၃%သည် တစ်နှစ်လျှင် ပျမ်းမျှ ထင်း(၁.၅)တန် စုဆောင်းခြင်း/ ရောင်းချခြင်းအပေါ် မှီခိုအားထားလျက်ရှိပေသည်။ သုံးသပ်ချက်အရ တစ်အိမ်ထောင်လျှင် ထင်းပျမ်းမျှ(၁.၅)တန် သုံးမည်ဆိုပါက ရေဝင်ကျေးရွာသည် အိမ်ထောင်စု(၁၀၂)စု ရှိသည့်အတွက် တစ်နှစ်လျှင် စုစုပေါင်းထင်းပျမ်းမျှ (၁၅၃)တန်ခန့် သုံးစွဲလျက်ရှိပေသည်။ ရေဝင်ကျေးရွာသည် ထင်းကိုသာ အဓိကထားသုံးစွဲနေရသဖြင့် ထင်းလိုအပ်ချက်အတွက် ရွာအနီးရှိတောမှ ခုတ်ယူသုံးစွဲနေရသဖြင့် တောအခြေအနေမှာလည်း ကာကွယ်ထိန်းသိမ်းမှုများ မပြုလုပ်နိုင်ပါက နောင်အနာဂါတ်တွင် တောပြုန်းမှုများဖြစ်ပေါ်ရန် ဦးတည်လျက်ရှိပေသည်။

သို့သော်လည်း ရေဝင်ကျေးရွာရှိ ဒေသခံရွာသားများသည် အခြေခံစားဝတ်နေရေးလိုအပ်ချက်ကြောင့်သာ တောကိုမှီခိုနေရခြင်း ဖြစ်သော်လည်း၎င်းတို့၏ စိတ်ထဲတွင် သစ်တောထိန်းသိမ်းခြင်း (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း လုပ်ဆောင်ခြင်းကဲ့သို့လုပ်ငန်းများ) လုပ်ဆောင်ရန် စိတ်အားထက်သန်လျက်

ရှိသည်ကို မေးမြန်းဆွေးနွေးခြင်းမှ တဆင့်သိရှိခဲ့ရပါသည်။

## သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ပေးခြင်း

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ရေဝင်ကျေးရွာအနီးရှိတောထဲတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေတံခွန်စီးကျလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် အဆိုပါနေရာအား သဘာဝအခြေခံခရီးသွားလုပ်ငန်း (smokeless industry- မီးခိုးတိတ်စက်မှုလုပ်ငန်း) အကောင်အထည်ဖော်လုပ်ဆောင်မည်ဆိုပါက နိုင်ငံခြားသားများလာရောက်မှု ကိုဆွဲဆောင်နိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေထောက်ပံ့ပေးနိုင်မည်ဖြစ်ပေသည်။ တစ်ဖက်တွင်လည်း ၎င်းရေတံခွန်မှ ရေအားလျှပ်စစ်ရရှိအောင်လုပ်ဆောင်ပေးခြင်းဖြင့် ဒေသခံများမှထင်းအပေါ် မှီခိုအားထားနေမှုများပါလျော့နည်းသွားနိုင်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းလုပ်ဆောင်ခြင်းမှတဆင့် တောထဲရှိရေအရင်းအမြစ်၊ သစ်တောသယံဇာတများနှင့် သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းပေးနိုင်သည့်အပြင် တောအပေါ်မှီခိုနေရသည့် ဒေသခံများ၏ လူနေမှုအဆင့်အတန်းကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်ပေသည်။



ရေဝင်ကျေးရွာအနီးရှိ သဘာဝတောထဲတွင်
သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေတံခွန်

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း

ခရီးစဉ်အတွင်းသွားရောက်ခဲ့သည့် ရေဝင်ကျေးရွာသည် ထင်းသုံးစွဲမှုအပေါ်အဓိကမှီခိုလျက်ရှိသည့် နေရာဖြစ်သည့်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ပေးခြင်းဖြင့် သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကိုလျော့နည်းသွားနိုင်ပြီး ဒေသခံများမှလည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကိုကောင်းမွန်စွာ စီမံအုပ်ချုပ်သွားမည်ဆိုပါကလည်း ၎င်းတို့အတွက် အကျိုးကျေးဇူးများစွာခံစားနိုင်သည့် အလားအလာများစွာရှိနေသည့် ကျေးရွာတစ်ရွာဖြစ်သည်။

ဆက်လက်သိရှိခဲ့ရသည်မှာ ရွာသူရွာသားများသည် ၎င်းတို့ရွာအနီးရှိသဘာဝတောကို ထိန်းသိမ်းရန်နှင့် နေ့စဉ်လိုအပ်ချက်ကိုဖြည့်ဆည်းရန်တွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းကို စိတ်အားထက်သန်လျက်ရှိသော်လည်း နည်းပညာဆိုင်ရာ အကူအညီများနှင့် တခြားအထောက်အပံ့များလိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ပြင်ဒေသခံအချို့သည် ကိုယ်ပိုင်လယ်မြေများပိုင်ဆိုင်မှုမရှိပဲ တခြားလယ်ပိုင်ရှင်များထံတွင် နေ့စားသဖွယ်လုပ်ကိုင်နေကြရသည့်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ပေးလိုက်ခြင်းဖြင့် ၎င်းတို့အတွက် အလုပ်ကိုင်ခွင့်လမ်းများ ပေါ်များလာနိုင်မည်ဖြစ်ပေသည်။

## သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်

သစ်တောများသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကိုစုပ်ယူသောအခါ ကာဗွန်သိုလှောင်ရာနေရာများ (Carbon Sink) များဖြစ်ကြပြီး၊ အ ပြန်အလှန်အားဖြင့် သစ်တောများခုတ်လှဲမီးရှို့ခံရသောအခါ လေထုအတွင်းသို့ ကာဗွန်များ ပြန်လည်ထုတ်လွှတ်သည့်အတွက် ကာဗွန်ထုတ်လွှတ်ရာအရင်းအမြစ်များဖြစ်လာပြန်ပါသည်။ သို့ဖြစ်၍ လေထုအတွင်းရှိ မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏကို တည်ငြိမ်စေရန်အတွက် သစ်တောများပြုန်းတီးမှု၊ ပျက်စီးမှုမရှိစေရန်အရေးကြီးလာပါသည်။ သစ်တောများ၏ ကာဗွန်စုပ်ယူနိုင်စွမ်းသည် သစ်တောများအား ကောင်းစွာစီမံအုပ်ချုပ်မှုအပေါ်တွင်များစွာမူတည်နေပါသည်။ ထို့ကြောင့် ထင်းသုံးစွဲမှုများသည့်နေရာဒေသများတွင် သီးနှံသစ်တောများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်များတည်ထောင်ပေးခြင်းတို့သည် သစ်တောများပြုန်းတီးမှု၊ တောအဆင့်အတန်းနိမ့်ကျခြင်းတို့ကို တစ်ဖက်တစ်လမ်းမှ ထိန်းချုပ်ပေးနိုင်သည့်အပြင် ကာဗွန်ထုတ်လွှတ်မှုအားလျှော့ချပေးနိုင်သည့် နည်းလမ်းများပင် ဖြစ်လာပါသည်။

ရေဝင်ကျေးရွာမှ ဒေသခံများသည် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ၎င်းတို့ပါ ပူးပေါင်းပါဝင်ရန် စိတ်အားထက်သန်လျက်ရှိသည့်အတွက် REDD+ ဆိုင်ရာအခြေခံသဘောတရားများနှင့် အသိပညာများ မျှဝေပေးခြင်းဖြင့် REDD+ လုပ်ငန်းစဉ်များကို ဒေသခံများနှင့်အတူပူးပေါင်း၍ အကောင်ထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်

ပေသည်။ ရွာအနီးအနားတွင် ကော်ဖီစိုက်ခင်းများ (monoculture– သီးနှံတစ်မျိုးတည်း) တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည်ကိုတွေ့ရှိရပြီး ကျေးရွာခေါင်းဆောင်မှလည်း ဒေသခံများမှ ၎င်းတို့၏စိုက်ခင်း/လယ်မြေများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကိုလုပ်ဆောင်ရန် စိတ်ပါဝင်စားသည့်အတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ရမည်ကို မေးမြန်းလေ့လာခဲ့မှုများကိုပြန်လည်အကြံပြုဆွေးနွေးပြောကြားခဲ့ပါသည်။




ဒေသခံများနှင့်အတူ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းနှင့် သီးနံ့သစ်တောရောနှောစိုက်ပျိုးခြင်းအကြောင်း ဆွေးနွေးနေပုံ (photo by ICIMOD)

ထို့ပြင် ရွာအနီးရှိသဘာဝတောများတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်မှုပပျောက်ရေးအတွက် တောအဆင့်အတန်းနိမ့်ကျနေသည့်နေရာများတွင် သီးနှံ သစ်တောပုံစံဖြင့် ကော်ဖီ၊ လက်ဖက်နှင့် လီမွှော်ပင်တို့ တွဲဖက်စိုက်ပျိုးပေးမည်ဆိုပါက ဒေသခံတို့၏ လူမှုစီးပွားရေးတိုးတက်မြင့်မားလာနိုင်ပြီး သဘာဝတောအပေါ်မှီခိုမှုများကိုပါ လျော့ချသွားနိုင်မည်ဟုလည်း မိမိအနေဖြင့် သုံးသပ်မိပါသည်။

## သစ်မဟုတ်သောအခြားသစ်တောထွက်ပစ္စည်းများ

သဘာဝတောများ ရေရှည်တည်တံ့စေရန်အတွက် တောထဲမှသစ်ခုတ်ယူခြင်းမရှိဘဲ သစ်မဟုတ်သောအခြားသစ်တောထွက်ပစ္စည်းများကို စနစ်တကျထုတ်ယူသုံးစွဲ၍ ၎င်းပစ္စည်းများကို ကုန်ကြမ်း(သို့မဟုတ်) ကုန်ချောအဖြစ်ထုတ်လုပ်၍ ဈေးကွက်အတွင်း ရောင်းချမည်ဆိုပါ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ပြုနိုင်မည့်အပြင် သစ်တောပြုန်းတီးမှုနှင့် တောအတန်းအစားကျဆင်းမှုကိုပါ လျော့ကျသွားနိုင်မည်ဖြစ်ပေသည်။

လေ့လာတွေ့ရှိချက်အရ ရေဝင်ကျေးရွာအနီးရှိသဘာဝတောထဲတွင် ဆီးဖြူပင်များ၊ စားသုံးရနိုင်သည့်မှိုများ များပြားစွာပေါက်ရောက်နေသည်ကိုတွေ့ရှိ၍ ဒေသခံများအား ခူးယူရောင်းချခြင်းရှိ/မရှိမေးမြန်းရာတွင် ဒေသခံများမှ ဈေးကွက်လိုအပ်ချက်မရှိသောကြောင့် ရောင်းချမှုမပြုပဲ အိမ်စားသုံးရန်သာ ခူးယူကြကြောင်း၊ အကယ်၍ အနီးနားရှိမြို့ရွာများတွင် ဈေးကွက်လိုအပ်ချက်ရှိပါက ၎င်းတို့အနေဖြင့် ရောင်းချရန် စိတ်ကူးရှိကြောင်းပြန်လည်ပြောကြားပါသည်။ အလားတူစွာပင် ဒေသခံများအနေဖြင့် သဘာဝတောထဲမှ ဝါးထုတ်ယူသုံးစွဲမှုများမှာလည်း များပြားလျက်ရှိပေသည်။ ၎င်းတို့အနေဖြင့် ဝါးအားရက်၍ ဝါးကပ်လုပ်ခြင်း၊ ဖျာလုပ်၍ ဈေးကွက်အတွင်းရောင်းချသော်လည်း ဝယ်ယူမှုအားနည်းလျက်ရှိပေသည်။ ထို့ကြောင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကိုအခြေခံ၍ ၎င်းသစ်တောထွက်ပစ္စည်းများအား ဒေသခံများမှ စနစ်တကျထုတ်ယူနိုင်ရန်၊ ကုန်ချောပစ္စည်းထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးပေးခြင်းနှင့် ခိုင်မာသောဈေးကွက်အခြေအနေ ဖန်တီးပေးခြင်းဖြင့်လည်း အနာဂါတ်တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားကိုပါ မြင့်မားလာအောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။

သစ်တောများပြုန်းတီးမှုလျော့နည်းအောင် ထိန်းသိမ်းကာကွယ်ရာတွင် ဒေသခံပြည်သူများ(အဓိကအားဖြင့် သဘာဝတောများအပေါ် မှီခိုအားထားနေရသူများ) ပူးပေါင်းပါဝင်လာမှုသည် အလွန်ပင်အရေးကြီးသည့် အခန်းကဏ္ဍပင်ဖြစ်သည်။ ထို့ကြောင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပေးခြင်း၊သဘာဝတောထဲမှ ဝါးများပြုန်းတီးမှု မရှိအောင်/ ဝါးမှတဆင့် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် ဝါးခုတ်ယူခြင်းနှင့် ထုတ်လုပ်ခြင်းနည်းပညာများပံ့ပိုးပေးခြင်း၊ ထင်းသုံးစွဲမှုလျော့နည်းအောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ လျှပ်စစ်မီးရရှိအောင်လုပ်ဆောင်ပေးခြင်း၊ စွမ်းအားမြှင့်မီးဖိုများ၊ ဆိုလာပြားများဖြန့်ဝေပေးခြင်းနှင့် တောထဲရှိသဘာဝအလှတရားများကို အခြေခံ၍ သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာအောင်လုပ်ဆောင်ပေးခြင်းဖြင့် ဒေသခံများမှ ၎င်းတို့မှီတင်းနေထိုင်ရာသဘာဝတောကြီးကို ချစ်မြတ်နိုးလာပြီး သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးမျှော်တွေးကာ အတွေ့အကြုံများအား ဝေမျှရေးသားအပ်ပါသည်။

***ကိုးကားချက်***။ ။ UNDP၊ REDD+ **လုပ်ငန်းစဉ်များအတွက် အခြေခံသဘောတရားနှင့် အသိပညာများ**

---


**နေပူကလာ ၊ နွမ်းလျစွာ**
**သစ်ပင်အေးရိပ်၊ ရင်ဝယ်သိမ့်၏။**

# (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအခြေခံ)
# စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

## I. လက်ရှိအခြေအနေအား အကဲဖြတ်ဆန်းစစ်ခြင်း




## II. ထုတ်ကုန်များရွေးချယ်ရန်နှင့် စီးပွားရေးလုပ်ငန်း အကြံဉာဏ်များအယူအဆများ ဖော်ထုတ်ရန် စစ်တမ်းကောက်ယူခြင်း




## III. စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု စီမံချက်ပြင်ဆင်ခြင်း



# တောဆင်ရိုင်း ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့



**သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန**

မြန်မာနိုင်ငံသည် ဇီဝအရင်းအမြစ်ကြွယ်ဝသည့် အရင်းအမြစ်နိုင်ငံ (Source country)တစ်ခုဖြစ်သဖြင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်သတ်ဖြတ်ရောင်းဝယ်ခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီးမှုမဖြစ်စေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ထိန်းသိမ်းကာကွယ်တားဆီးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ်အထိ စုစုပေါင်းသဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခု တည်ထောင်ထားပြီး နိုင်ငံဧရိယာ၏ ၅.၇၉% ရှိပါသည်။ တည်ထောင်ရန်အဆိုပြုထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုရှိပြီး နိုင်ငံဧရိယာ၏ ၂.၀၂% ရှိပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများဖြင့် တောရိုင်းတိရစ္ဆာန်များကို အလုံးစုံကာကွယ်နိုင်မှုမရှိသော်လည်း တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံမှုအရှိဆုံးနေရာများအဖြစ်ပံ့ပိုးရာတွင် အကောင်းဆုံးဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်များ တရားမဝင်သတ်ဖြတ်ခြင်းနှင့်ကူးသန်းရောင်းဝယ်ခြင်းတိုက်ဖျက်ခြင်း၊ နိုင်ငံတကာနှင့်ဒေသတွင်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းအဖြစ် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း(Convention on International Trade in Endangered Species of Wild Fauna and Flora - CITES)၊ အာဆီယံဒေသ တောရိုင်းတိရစ္ဆာန်တရားမဝင် ကူးသန်းရောင်းဝယ်မှုတားဆီးရေးလုပ်ငန်းအဖွဲ့ ASEAN Working Group on CITES and Wildlife Enforcement (AWG CITES and WE)၊ နိုင်ငံတကာရဲတပ်ဖွဲ့ (INTERPOL)၊ တောရိုင်းတိရစ္ဆာန်ရောင်းဝယ်မှုစောင့်ကြည့်ရေး အပြည်ပြည်ဆိုင်ရာကွန်ယက်အဖွဲ့(TRAFFIC)တို့တွင် ပါဝင်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

ဆင်သည် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ပုဒ်မ၁၅(က)အရ သစ်တောဦးစီးဌာန၏ ၂၆-၁၀-၁၉၉၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၈၃/၉၄)ဖြင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်(နို့တိုက်သတ္တဝါ)ဖြစ်ပါသည်။ ဆင်တို့ကျင်လည်ကျက်စားရာ သဘာဝတောများ လျော့ပါးလာသည့်အပြင် တောင်ယာတိုးချဲ့ခုတ်ထွင်ခြင်း၊ သစ်အလွန်အကျွံထုတ်ယူခြင်းများကြောင့် ဆင်တို့၏နေရင်းဒေသများပျောက်ကွယ်လာရခြင်း၊ ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအားရောင်းဝယ်ဖောက်ကားရန်အလို့ငှါ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းများကြောင့် တောဆင်ရိုင်းအကောင်ရေ တစ်စတစ်စ လျော့ပါးလာခဲ့ရပါသည်။ ယင်းတို့၏ အစိတ်အပိုင်းများအား ရောင်းဝယ်ဖောက်ကားခြင်းများကြောင့် တောဆင်ရိုင်းများ လျော့နည်းမှုကျဆင်းရေး၊ နေရင်းဒေသများ ပျောက်ကွယ်သဖြင့် လူနှင့်ဆင်ပဋိပက္ခများ မဖြစ်ပေါ်စေရေးနှင့် မြန်မာဆင်မျိုးစိတ်များ ရေရှည်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဒေသခံပြည်သူများမှ နိုးကြားတက်ကြွသည့်စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လာရန်လိုအပ်ပါသည်။

တောဆင်ရိုင်းများ ကျက်စားရာဒေသဝန်းကျင်ရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်ထိတွေ့၍လည်းကောင်း၊ သတင်းပေးများမွေးမြူ၍လည်းကောင်း၊ မသင်္ကာဖွယ်ရာလူစိမ်းများဝင်ရောက်မှုရှိ/မရှိ၊ တောဆင်ရိုင်းများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအား သယ်ဆောင်/ရောင်းဝယ်ဖောက်ကားမှု ရှိ/မရှိစသည့်

သတင်းများ စုံစမ်းထောက်လှမ်းခြင်း၊ မြန်မာ့သစ်လုပ်ငန်း၊ ဆင်ကျောင်းစခန်းနှင့် ပုဂ္ဂလိကဆင်များရှိသောနေရာများတွင် ဆင်ပိုင်ရှင်/ဆင်ဦးစီးများနှင့်ချိတ်ဆက်၍ သတင်းရယူခြင်း၊ လူထုအခြေပြုစောင့်ကြည့်သတင်းရယူထောက်လှမ်းခြင်းများဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကစိုက်ခင်းလုပ်သားများ၊ တောတွင်းသို့ အမြဲတစေသွားရောက်လုပ်ကိုင်သူများထံမှသတင်းရယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနနှင့် NGO တို့ပူပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှုကာကွယ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသအလိုက်အဖွဲ့ဖွဲ့၍ တောဆင်ရိုင်းများကျက်စားရာဒေသဝန်းကျင်၌ အခြေပြုစခန်းချပြီး ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် MoU ရေးထိုးပြီးဖြစ်သည့် INGO များ၊ ဒေသခံ NGOများ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပြီး တောဆင်ရိုင်းသတ်ဖြတ်၍ ဆင်၏ကိုယ်အင်္ဂါအစိတ်အပိုင်းများရောင်းဝယ်သည့် အဖွဲ့အစည်းများ၊ နယ်စပ်ထွက်ပေါက်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ရောင်းချသည့် စီးပွားရေးသမားများစသည်တို့ကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

အဓိကမှောင်ခိုဈေးကွက်ဖြစ်သည့် နယ်စပ်ဒေသတွင် လုံခြုံရေးအခြေအနေအရ ဥပဒေစိုးမိုးမှုအပြည့်အဝ မဆောင်ရွက်နိုင်သဖြင့် တရားမဝင်သတ်ဖြတ်မှု ဟန့်တားရန် တောဆင်ရိုင်းအများဆုံး ကျက်စားနေသည့်နေရာများ (Source of origin)တွင် ကာကွယ်ရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ တောဆင်ရိုင်းများနှင့် အိမ်မွေးဆင်များထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံ အစီအစဉ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို (၂၀၁၈–၂၀၂၇) (Myanmar Elephant Conservation Action Plan- MECAP 2018-2027)ကိုရေးဆွဲ၍ စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ MECAP၏ အဓိကလုပ်ငန်း (၄)ရပ်ရှိပါသည်။ ၎င်းတို့မှာ–

(က) တောဆင်ရိုင်းများနှင့် ၎င်းတို့ကျက်စားရာနယ်မြေများအား ကာကွယ်ခြင်း၊

(ခ) လူနှင့်ဆင်ပဋိပက္ခအား ဖြေရှင်းခြင်း၊

(ဂ) ဆင်နှင့် ဆင်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်မှုကို တားဆီးအရေးယူခြင်း၊

(ဃ) အိမ်မွေးဆင်များကိုစီမံခန့်ခွဲခြင်းစသည့် လုပ်ငန်းစဉ်များကိုရေးဆွဲထားခြင်းဖြစ်ပါသည်။



တောဆင်ရိုင်း သတ်ဖြတ်ခံရမှု များပြားသည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ တောဆင်ရိုင်းကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်းများ ဖွင့်လှစ်ကာ တောဆင်ရိုင်းများအားကာကွယ်ခြင်း၊ မုဆိုးများဖော်ထုတ်အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တောဆင်ရိုင်းထိန်းသိမ်းကာကွယ်ခြင်းတွင် လူထုပါဝင်မှုတိုးမြှင့်နိုင်ရေးအတွက် လူထုအခြေပြုစောင့်ကြည့်ခြင်းနှင့် သတင်းပို့ခြင်းစနစ်ကိုဆောင်ရွက်ခြင်း၊ ဆင်မုဆိုးသတင်းပေးခြင်းအား ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တောဆင်ရိုင်းသတ်ဖြတ်ခံရမှု မရှိသလောက်ကျဆင်းခဲ့ပါသည်။

တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှု၊ ဆင်စွယ်အပါအဝင် ယင်းတို့၏အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့သည် အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်တို့၌ဝယ်လိုအားမြင့်တက်လာမှုကြောင့် တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်များပြားလာသည်ကို တွေ့ရှိနေရပါသည်။

သစ်တောဦးစီးဌာနသည် တောဆင်ရိုင်းများ သတ်ဖြတ်ခြင်း၊ ဆင်အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းတို့အား တားဆီးနှိမ်နင်းရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူပူးပေါင်း၍ ဆင်သတ်မုဆိုးများအား ဖော်ထုတ်ဖမ်းဆီးရမိရေးကို သက်ဆိုင်ရာနယ်မြေများအလိုက် အဖွဲ့များဖွဲ့စည်းရှာဖွေဆောင်ရွက်လျက်ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း တောဆင်ရိုင်းများအပါအဝင် တောရိုင်းတိရစ္ဆာန်များ အမဲလိုက်သတ်ဖြတ်မှု၊ အသားဟင်းလျာအဖြစ်ရောင်းချမှု၊ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ရောင်းဝယ်နေမှုတို့ကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေခြင်း၊လေဆိပ်နှင့် ကားဂိတ်များတွင်လည်း တားမြစ်ချက်

များကို အများပြည်သူများ၊ ခရီးသွားဧည့်သည်များ သိရှိနိုင်စေရန် ပိုစတာများကပ်ထူခြင်း၊ ရုပ်မြင်သံကြားမှတဆင့် ထုတ်လွှင့်အသိပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။







ပြည်သူလူထုပိုမိုကျယ်ပြန့်စွာ သိရှိလာရေးနှင့် ဆင်သတ်ခံရမှုများ လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာစေရေးအတွက်လည်း သစ်တောဦးစီးဌာန၊ ဆက်စပ်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် WWF-Myanmar Programတို့ပူးပေါင်း၍ မိုမိုတို့အတွက် ရင်တွင်းစကားသံ(Voices for MoMos) အသိပညာပေးလှုပ်ရှားမှု အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

သစ်တောဦးစီးဌာနနှင့် WWF- Myanmar Program တို့ပူးပေါင်း၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ကိုယ်စားလှယ်များ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ဘုရားပရိဝုဏ်အတွင်း အမှတ်တရပစ္စည်း အရောင်းဆိုင်ပိုင်ရှင်များကို ဆင်နှင့်အခြားတောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ၊ ဆင့်ပွားထုတ်လုပ်ထားသည့် ပစ္စည်းများအားရောင်းချမှုသည် တရားဥပဒေအရ တားမြစ်ထားပါကြောင်းနှင့် မရောင်းချရေးတို့ကို အသိပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဆင်ထိန်းသိမ်းကာကွယ်ရေးတွင် အများပြည်သူ ပူးပေါင်းပါဝင်လာရေး သိမြင်နိုးကြားမှု မြှင့်တင်နိုင်ရန် မြန်မာ့ဆင်ပြတိုက် (Myanmar Elephant Museum)ကို တိရစ္ဆာန်ဥယျာဉ်၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တောဆင်ရိုင်းများနှင့် လုပ်ငန်းသုံးဆင်များ၏ အခန်းကဏ္ဍဖြစ်သည့် ၎င်းတို့ကြုံတွေ့နေရသော အန္တရာယ်နှင့် ရှင်သန်ရေးတွက် လုပ်ဆောင်နေသော ဆောင်ရွက်မှုများကို ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

အများပြည်သူများအနေဖြင့်လည်း ရှားပါးတောရိုင်းတိရစ္ဆာန်များကိုအသုံးပြု၍ ထုတ်လုပ်ထားသည့် ဆေးဝါးကို ဝယ်ယူသုံးစွဲခြင်းမပြုခြင်း၊ ဆင်စွယ်များဖြင့် အဆင်တန်ဆာများကို အသုံးမပြုခြင်းစသည့် အခြေခံကျင့်ဝတ်ကောင်းများကိုလိုက်နာကျင့်သုံးပေးခြင်း၊ ပြန့်ပွားစေခြင်း၊ တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်ခြင်း၊ သယ်ဆောင်ရောင်းချခြင်းနှင့် လက်ဝယ်ထားခြင်းအပေါ် သတင်းပေးပို့ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် တောဆင်များ၊ အခြားရှားပါးတောရိုင်းတိရစ္ဆာန်များ မျိုးဆက်ပျက်သုဉ်းပျောက်ကွယ်မှုမဖြစ်စေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းအားဖြင့်လည်း တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်မှုအား တားဆီးနိုင်မည် ဖြစ်ပါသည်။

တောဆင်ရိုင်းများထိန်းသိမ်းရေးကို အဓိကတာဝန်ယူထားသည့် သစ်တောဦးစီးဌာနသည် ဌာနအင်အားဖြင့်လည်းကောင်း၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် လည်းကောင်း၊ မိတ်ဖက်ပြည်တွင်း/ပြည်ပ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်းပူးပေါင်း၍ တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ခြင်း၊ သတ်ဖြတ်မှုအား အရေးယူတားဆီးခြင်း၊ ဆင်နှင့်ဆင်အစိတ်အပိုင်းများအား တရားမဝင်သယ်ဆောင်ခြင်းတို့ကို အရေးယူတိုက်ဖျက်လျက်ရှိပါသည်။ တောဆင်ရိုင်းများသတ်ဖြတ်မှုများ ပပျောက်စေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှလည်း ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရေး အသိပညာပေးခြင်းနှင့် ဥပဒေအရထိရောက်စွာ တားဆီးနှိမ်နှင်းခြင်းများကို ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။





**ပဲခူးရိုးမအရှေ့၊** ကျောက်တံခါးမြို့နယ်၊ ဘိုင်ဒါးကြိုးဝိုင်း၊ အကွက်အမှတ်(၉၂)မြားဆိပ်ချောင်းဖျား၊ သစ်တောစိုက်ခင်းရွာကလေး၏ ၂၀၀၈ခုနှစ်၊ ဩဂုတ်လ ဆန်းညတစ်ညတွင် ဩဂုတ်မိုးက တစိမ့်စိမ့်ရွာနေ၏။ ညဦးပိုင်းဖြစ်သော်လည်း အအေးဓာတ်ပါနေ၍ အေးမြနေ၏။ မနက်ဖြန် လုပ်ငန်းအတွက် ခေါ်ယူထားသော ဆင်ဦးစီးကိုကြည်သိန်းကို မိမိသစ်တောစခန်းတဲမှ စောင့်နေမိ၏။ စောစောလာခဲ့ရန်မှာထားသော်လည်း သူက ပေါ်မလာ၊ သို့ဖြစ်၍ ပျိုးဥယျာဉ်အကူ ကိုထွန်းမြင့်နှင့် အတူ အိပ်ရာပြင်ဆင်ပြီးနားနေစဉ် ည ၀၉း၃၀နာရီခန့်တွင်.... ''ဆရာအိပ်ပြီလား''နှုတ်ဆက်သံနှင့်အတူ ဆင်ဦးစီး ကိုကြည်သိန်းရောက်လာသည်။ အမှန်တော့ မအိပ်သေးပါ။ မိုးအေးနေပြီး သွားစရာ လာစရာလည်းမရှိ၊ ခြင်ကိုလည်းကြောက်ရ၍ ခြင်ထောင်ထဲဝင်ပြီး ရေဒီယို နားထောင်နေခြင်းဖြစ်ပါသည်။ အိပ်ရာတွင်းမှထ၍ ''ကြည်သိန်း မင်းလာတာနောက်ကျလှချည်လား'' ဟု ကျွန်တော်နှုတ်ဆက်စကားပြောလိုက်သည်။

ဖာထေးခြင်းကို မဖြစ်မနေဆောင်ရွက်ရပါသည်။ ပျိုးဥယျာဉ်နှင့် စိုက်ကွက်အနည်းငယ်လှမ်းနေ၍ လူနှင့်သယ်လျှင်ဝေးသောကြောင့် ဌာနပိုင်ဆင်ရှိသဖြင့် တစ်ခါတစ်ရံ ဆင်ဖြင့် သယ်ယူ၍ စိုက်ပျိုးခြင်းဖြစ်ပါသည်။ ဆင်ဖြင့် သယ်ယူက ပျိုးအိတ်သေး(၅လက်မ× ၂လက်မ)ဆိုလျှင် (၅၀၀) အိတ်ခန့်တင်နိုင်ပြီး ပျိုးအိတ်ကြီး (၇လက်မ× ၃လက်မ)ဆိုလျှင် (၃၀၀)အိတ်ခန့်တင်နိုင်ပါသည်။ မိုးဦးကျစစိုက်စဉ် စွပ်ဖားဖြင့်သယ်ရာ (၅လက်မ× ၂လက်မ)အိတ်(၈၀၀)ခန့်နိုင်ပြီး (၇လက်မ× ၃လက်မ)အိတ်(၅၀၀)ခန့်သယ်နိုင်ပါသည်။ ပျိုးပင်သယ်ယူခြင်းကို လူဖြင့် ပျိုးပင်မနာအောင်သယ်ယူပြီး အလုပ်မနိုင်မှသာလျှင် ကျွဲ၊ ဆင်တို့ကို အသုံးပြုခြင်းဖြစ်ပါသည်။

''ဆရာကျောက်လက်ဝါး အကြောင်းကြားဘူးလား''

ကျွန်တော်သည် ဆင်ဖြင့် ပျိုးပင်သယ်၍ စိုက်ပျိုးခဲ့သည်များကို စဉ်းစားတွေးတောနေစဉ် ကိုကြည်သိန်းက ကောက်ကာငင်ကာ မေးလိုက်သော စကားကြောင့် ကျွန်တော်အံ့အားသင့်သွားရ၏။




ကိုကြည့်သိန်းက ''အိမ်မှာ ဒိုက်ဦးမြို့နယ်၊ ဖြူးစုအုပ်စုက သူငယ်ချင်းတွေ ရောက်လာလို့ ထမင်းချက်ပြီး ညစာကျွေးနေရလို့ ဆရာ့ဆီလာတာ နောက်ကျသွားတယ် ဆရာ....''

အဲ ကိစ္စမရှိပါဘူး၊ မနက်ဖြန်မနက်စောစော မင်းဆင်နဲ့အပင်ဖာမယ့်ပျိုးအိတ်တွေ စိုက်ကွက်ထဲကို မြန်မြန်ပို့ပေးနိုင်ရင်ပြီးတာပါဘဲ''

''အဆင်ပြေပါတယ်ဆရာ ကျွန်တော့်ဆင်က မြားဆိပ်ချောင်းဖျားမှာ လွှတ်ထားတာပါ၊ မနက်အစောကြီး ဆရာပျိုးပင်သယ်ပေးပါမယ်''

''အေး အေး ကောင်းပါပြီ''

မိုးဦးကျစက စိုက်ပင်များအကြောင်းအမျိုးမျိုးကြောင့်သေ၍ လျော့နည်းခဲ့ပါက ဩဂုတ်လတွင် သေပင်

''အဲ ကြားတော့ကြားဖူးတယ် ဂဃနဏမဟုတ်ပါဘူးကွာ''

''အခု ဘိုင်းဒါးချောင်းဘေး ကျောက်နံရံမှာ ကျောက်လက်ဝါး(၅)ခုတောင်ရှိတယ်တဲ့ ဆရာသွားကြည့်ချင်ရင် လိုက်ပို့ပေးမယ့်သူရှိတယ်''

ကျွန်တော်ခေတ္တမျှတွေဝေသွားရ၏။

''ဆရာ ဒီည ကျွန်တော်နောက်ကျနေတာ ကျောက်လက်ဝါးနဲ့ပတ်သက်တယ်ဆရာ ဒီည ကျွန်တော့်အိမ်မှာရောက်နေတဲ့ ဖြူးစုအဖွဲ့ဟာ ကျောက်လက်ဝါးကို ဘိုင်းဒါးချောင်းဘေးမှာ ပြန်ထားပြီး ပြန်လာခဲ့ကြတာဆရာ၊ ကြည့်ချင်တဲ့သူရှိရင် သူတို့ထားခဲ့တဲ့နေရာကိုလိုက်ပို့ပေးမယ်တဲ့''

ကျွန်တော်အလျှင်အမြန် စဉ်းစားလိုက်မိသည်။

ကျောက်လက်ဝါးအကြောင်းနှင့် အကျိုးအပြစ်ကို မသိဘဲ လိုက်ကြည့်ဖို့ရာလိုအပ်မည်မထင်။

''နေစမ်းပါဦး မင်းပြောတဲ့ ကျောက်လက်ဝါးအကြောင်းသိသလောက်ရှင်းပြစမ်းပါဦး''

ကျွန်တော်လည်း ကျောက်လက်ဝါးအကြောင်း အသေအချာတော့မသိပါဘူး၊ ဒါပေမယ့် အခုဖြစ်စဉ်ကတော့ ထူးဆန်းနေတယ်ဆရာ၊ ဒိုက်ဦးမြို့နယ် ဖြူးအုပ်စုကရွာသားအချို့ ဘိုင်းဒါးချောင်းမှာ ဝါးခုတ်လာရင်း ကျောက်လက်ဝါး(၅)ခုကို ကျောက်နံရံမှာတွေ့တော့ သူတို့ထဲက ကြားဖူးနားဝဗဟုသုတရှိသူက ကျောက်လက်ဝါးကိုယူပြီး ရောင်းစားရင်း ဈေးကောင်းရကြောင်းပြောလို့ သူတို့အဖွဲ့ ဝါးမခုတ်ဘဲ အကြီးဆုံးကျောက်လက်ဝါးကိုယူပြီး သူတို့ရွာကို ပြန်သွားကြတယ်တဲ့.... ရွာပြန်ရောက်လို့ ညပိုင်းကျတော့ ကျောက်လက်ဝါးကိုသိမ်းဆည်းတဲ့ အိမ်ကမိသားစုဝင်တစ်ဦး မိုးလင်းကာနီးမှာ ကောက်ကာငင်ကာ သေဆုံးသွားတယ်တဲ့.... ဆုံးတဲ့လူမှာ ဘာရောဂါမှလဲမရှိဘူးတဲ့ ဒါနဲ့ ပထမလူကမထားရဲလို့ နောက်တစ်ယောက်အိမ်ကိုပေး နောက်အိမ်ကလူသေနဲ့ ကျောက်လက်ဝါးထားရာ အိမ်ကလူအသက်ဆုံးရှုံးတာ(၅)ယောက် ဆက်တိုက်ပဲတဲ့ဆရာ အဲဒါ သူတို့အဖွဲ့လည်း ကျောက်လက်ဝါးကို ဆက်မထားရဲတော့လို့ ယူခဲ့တဲ့နေရာကို ပြန်လာပို့ပြီး ဒီညကျွန်တော့်အိမ်မှာအိပ်ပြီး မနက်အစောထပြန်ကြမှာ ဒါကြောင့် ဆရာကြည့်ချင်ရင် မနက်လိုက်ပြပေးမယ်လို့ ပြောတာပါဆရာ''

ကိုကြည်သိန်း၏ ရှည်လျားသောစကားအဆုံးတွင် ကျွန်တော်၏ စိတ်ဝင်စားမှုအရှိန်လည်းမြင့်လာသည်။ သို့သော်လူသေသည့်အထိဖြစ်သည် တစ်ဦးတစ်ယောက်မကဘဲ (၅)ဦးဆက်တိုက် အသက်ဆုံးရှုံးရသည်ဆိုတော့ မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်လာသည်။ မနက်အစောပြန်မည့် ကာယကံရှင်ကိုတွေ့ဆုံပြီး မေးကြည့်ကပို၍ အဖြေမှန်ရရှိနိုင်သော်လည်း ညမိုးချုပ်သွားပြီး မိုးကလည်းအဆက်မပြတ်ရွာနေ၍ ပေါ်လာသည့်စိတ်ကူးကို ဖြတ်တောက်ထားလိုက်သည်။ ကျောက်လက်ဝါးဆိုပြီး ကျောက်တံခါးမြို့နယ်၊ တောင်ပေါ်ဆယ့်လေးရွာတွင် အရောင်းအဝယ်ဖြစ်သည် သိန်း(၂၀)မှ(၂၅)သိန်းထိရကြသည်ဟု ကြားဖူးသည်။ သစ်တောထွက်ပစ္စည်းဖြစ်သည့် သင်းခွေချပ်၊ လိပ်မျိုးစုံနှင့် စပါးကြီးသည်းခြေအထိ အရောင်းအဝယ်ရှိသည်ဟုလည်း ကြားသိရသည်။

ကျွန်တော်နှင့်ကိုကြည်သိန်း နှစ်ယောက်ပြောစကားများကို ဘေးမှနားထောင်ရင်း ရေနွေးကြမ်းပြင်ဆင်ပေးသည့် ပျိုးဥယျာဉ်အကူ ကိုထွန်းမြင့်(ယခု ဖြိုးစည်သူ ပုဂ္ဂလိကစိုက်ခင်း)ဆယ့်လေးရွာသား ကိုထွန်းမြင့်က ''ကျွန်တော် ကျောက်လက်ဝါးအစစ်တွေ့ဖူးတယ်ဆရာ''ဟု ဝင်ရောက်ဆွေးနွေးသည်။ ကျွန်တော်က ''ဘယ်တုန်းကလဲကွ'' ကိုထွန်းမြင့်က သူ့စကားကိုပြန်ဆက်သည်။ ''ကြာတော့ကြာခဲ့ပါပြီဆရာ... ရဲနွယ်တမံကြီး မပိတ်ခင် (၅)နှစ်လောက်ကပေါ့ ....ကျွန်တော်တို့ရွာဟောင်းဇယားရွာအထက် ပိန်းချောင်းထဲမှာ ရွာကသူငယ်ချင်းတွေနဲ့ ဝါးခုတ်တုန်းက နေ့ဖက်မှာဝါးခုတ်ပြီး၊ ညဦးပိုင်းဆောင်းတွင်းမို့ ချောင်းဘေးယာယီစခန်းဘေးမှာ မီးလှုံနေစဉ် ပိန်းချောင်းထဲသို့ ကျွန်တော်တို့နဲ့ပါလာတဲ့ ခွေးကထိုးထိုးဟောင်နေလို့ ကျွန်တော်တို့ အဝေးကကြည့်တော့ ဘာမှမမြင်ရဘူးဆရာ အဲဒီ ညကလဆန်း(၁၀)ရက်နေ့ညပဲ လရောင်တော့ရှိနေတယ်။ ခွေးက အဟောင်မရပ်ဘူးဆရာ ချောင်းဘေးကနေရေထဲကိုဟောင်နေတာ၊ ဒါနဲ့ ကျွန်တော်တို့အဖွဲ့လည်း တစ်ခုခုတော့တစ်ခုခုပဲဟု သဘောထားကာ ရေစပ်ကိုဆင်းကြည့်တော့ ရေကူးနေတဲ့အကောင်တစ်ကောင်ကို လှမ်းမြင်ရတယ်၊ မသဲကွဲဘူး ဒါနဲ့ချောင်းထဲဆင်းကြည့်တော့ အကောင်မဟုတ်ဘဲ လက်ဝါးဖြန့်ပြီး ရေကူးနေတဲ့ ကျောက်လက်ဝါးကိုတွေ့ရတယ်ဆရာ... ဒါနဲ့ ကျွန်တော်တို့အဖွဲ့လည်း ကျောက်လက်ဝါးကိုယူပြီး စခန်းမှာရှိတဲ့ သံပုံးထဲကိုထည့်ပြီး အပေါ်ကအဖုံးလုပ်ပြီး ကျောက်ခဲနဲ့ဖိထားတာ ကျောက်လက်ဝါးက ပြန်ခုန်ထွက်တာ တဝုန်းဝုန်းနဲ့ ကျွန်တော်တို့အဖွဲ့ တစ်ညလုံးမအိပ်ရဘူး မိုးလင်းအောင်ထားလိုက်တော့ အသက်မရှိတော့သလိုပဲ သာမာန်ကျောက်တုံးဘဲ ဒါပေမယ့် လက်ဝါးအင်္ဂါရပ်နဲ့တော့ညီတယ်ဆရာ မိုးလင်းတော့ ညကတွေ့တဲ့နေရာ ပြန်ပို့လိုက်တယ်''

ကိုထွန်းမြင့်၏ ရှည်လျားစွာရှင်းပြမှုကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ကျွန်တော့်ဘေးတွင် ငြိမ်၍နားထောင်နေသော ကိုကြည်သိန်းက သူသိသည့် ကျောက်လက်ဝါးအကြောင်းကို ဆက်လက်၍ အောက်ပါအတိုင်းပြောပြပြန်သည်။

''ကျောက်လက်ဝါး စစ်မစစ် စမ်းသပ်ချင်ရင် ကြက်တစ်ကောင်ကိုသတ်ပြီး ရသမျှသွေးကိုယူထားပြီး ညပိုင်းကျလျှင် ကျောက်လက်ဝါးကို လုံခြုံတဲ့ပုံး(သို့) အိုးထဲမှာထည့်ထားပြီး အပေါ်ကအဖုံးနဲ့သေချာစွာဖိထားပြီး ကြက်သွေးခွက်ကို အဖုံးပေါ်ကတင်ထားရင် မနက်မိုးလင်းလို့ကြည့်ရင် ခွက်ထဲကသွေးတစ်စက်မှ မကျန်အောင် ပျောက်သွားပါက ကျောက်လက်ဝါးအစစ်ပဲတဲ့ သွေးစုပ်တဲ့သဘောပေါ့ဆရာ ဖြူးစုအဖွဲ့လည်း သွေးစုပ်ခံရတာနေမှာဆရာ''

ကိုကြည်သိန်းက သူထင်မြင်ချက်နှင့် ကြားဖူးနားဝရှိသမျှပြောပြသည်။

ကျောက်လက်ဝါးအကြောင်းများသည် သူတို့နှစ်ဦး၏ ပြောစကားအရ ပဲခူးရိုးမတောအတွင်း အမှန်တကယ်ရှိနေတာသေချာသည်။ ဖြူးစုအဖွဲ့၏ပြောစကားအရ တစ်နေရာတည်းတွင် (၅)ခုတောင်ရှိကြောင်းသိရသည်။ စိတ်ထဲမှာတော့သွားကြည့်ချင်စိတ်ရှိပါသည်။ သို့သော်လူကို

အန္တရာယ်ပေးနိုင်သည်ဆိုတော့ စိတ်ထဲမဝံ့မရဲဖြစ်သည် ကတော့ အမှန်သွားရောက်ကြည့်ရှုမှတ်တမ်းဓာတ်ပုံရိုက်ကာ ဆောင်းပါးကို ခိုင်မာစွာတင်ပြရလျှင်ကောင်းမည်ဟု စိတ်ထဲကတွေးနေမိသေး၏။

ကိုကြည်သိန်း၊ ကိုထွန်းမြင့်တို့သည် တောသူတောင်သားပီပီရိုးသားကြသည်။ သူတို့ပြောသည့် ကျောက်လက်ဝါးအကြောင်း မြင်သမျှသည် အမှန်ဘက်သို့ ဦးတည်လိမ့်မည်ဟုယူဆမိ၏။

ကျွန်တော့်အနေဖြင့် ယခုကဲ့သို့ဖြစ်ရပ်ဆန်းများအား ယနေ့ခေတ်စားနေသော ဂမ္ဘီရမဂ္ဂဇင်းများတွင် ဖတ်ရှုကြားသိနေရ၏။ ဖြူးစုအုပ်စုမှ ရွာသားများသေဆုံးမှုအားငှင်းတို့ရွာဘက်ရောက်လျှင် သေချာအောင်စုံစမ်းမည်ဟု စိတ်ဆုံးဖြတ်လိုက်၏။ နောက်(၆)လခန့်ကြာသောအခါ အခွင့်သင့်လာသည်။ သစ်တောမှုတစ်ခုနှင့်ပတ်သက်၍မေးမြန်းစုံစမ်းရန် အကြောင်းပေါ်လာ၍ ရွာကိုရောက်တော့ ရွာလူကြီးအချို့ကိုမေးကြည့်ရာ ကျောက်လက်ဝါးကြောင့်အသက်ဆုံးရှုံးခဲ့သူများရှိကြောင်း သိရှိရသည်။ ရွာလူကြီးများက အဆိုပါကိစ္စအားမေးမြန်းရာ နှစ်လိုဖွယ်မရှိ ဝတ်ကျေတန်းကျေသာဖြေကြ၏။ အဆိုပါအကြောင်း ပြောရတာကိုပင် စိတ်မသန့်ဖြစ်နေကြဟန်တူပါသည်။

ညသည်အေးမြဆဲရှိ၏။ မိုးကလည်းတစိမ့်စိမ့်ရွာလျက်ပင်။ ထူးဆန်းဖွယ်ကျောက်လက်ဝါးနှင့်အတူ ထိုညမှာပင် ကိုကြည်သိန်းက ထူးဆန်းသည့်အကြောင်းအရာတစ်ခုကိုဆက်ပြန်သည်။

''ဆရာ ကျွန်တော့်ကိုယ်တွေ့မျက်မြင်အကြောင်းတစ်ခုပြောပြဦးမယ် ဆရာနားထောင်မလား....''

ကျွန်တော့်ကိုအားနာဟန်နှင့် ကိုကြည်သိန်းက စကားစလိုက်၏။ ကျွန်တော့်အနေနှင့်သစ်တောသမားပီပီတော၏မာယာပရိယာယ်များကို စိတ်ဝင်စားမိတာ အမှန်ဆိုတော့–

''ပြော ကိုကြည်သိန်းနားထောင်ရတာပေါ့''

''လွန်ခဲ့တဲ့(၁၀)နှစ်လောက်က ရဲနွယ်ချောင်းဘေးငါးရံ့ချောင်းစိုက်ခင်းလုပ်တုန်းက ကျွန်တော် ''တောင်ထပ်မောင်''ကိုစီးတာ တစ်နှစ်ကျော်ကျော်ပဲရှိသေးတယ်။ တစ်နေ့ ဆင်ကျောင်းထွက်လာစဉ်အချိန်က ပြေလဆန်းပေါ့....ဌာနသစ်တောစိုက်ခင်း မီးရှို့ပြီးချိန်ရက်တော့ မမှတ်မိတော့ဘူး ကျွန်တော်တို့စိုက်ခင်း တောင်ယာသမား၏ဇနီးဒေါ်ဝင်းစိန်ဟာ ငါးရံ့ချောင်းမှာ ငါးရှာပြီး ချောင်းဘေးမှာငါးချေးနှင့်အကြေးခွံတို့ကို သန့်စင်နေစဉ် စိုက်ခင်း တောင်ယာမီးရှို့ပြီး အောက်ခြေမီးစွဲနေတဲ့ လုံးပတ်(၆)ပေကျော်ပျဉ်းကတိုးပင်ကြီးဟာ ရုတ်တရက်လဲကျလာရာ ခနကဒေါ်ဝင်းစိန်ဟာ ရှောင်တိမ်းချိန်မရဘဲ လူကိုတည့်တည့်ရိုက်မိသွားလို့ ဒဏ်ရာတွေတစ်ကိုယ်လုံးရကာ ဦးခေါင်းကကြေမွပြီး ပြားချပ်သွားတယ်ဆရာ... ကိုယ်ခန္ဓာကိုတော့ ပိမသွားဘူး၊ ကျွန်တော်နဲ့သူငယ်ချင်းနှစ်ယောက်ပြေးကြည့်တော့ လူကသေမသွားဘူးဆရာ.... စကားတွေပြောနေတယ်.... သူဘာမှမဖြစ်ကြောင်း၊ သူမသေသေးကြောင်း၊ သူ့မိသားစုနဲ့တွေ့ချင်ကြောင်း၊ သူ့မိသားစုက သူမရှိလို့မဖြစ်ကြောင်း၊ အိမ်ကိုအမြန်ပြန်လိုကြောင်း မနားတမ်းပြောတယ်ဆရာ.... အမှန်တကယ်တော့ ကျွန်တော့်အမြင်အရ သူဟာ သေတဲ့လူပဲဆရာ တစ်ကိုယ်လုံးဒဏ်ရာနဲ့ ခေါင်းပြားချပ်နေရာက ဘယ်လိုအသက်ရှင်နိုင်မလဲဆရာ... ဒါနဲ့ ကျွန်တော်နဲ့ ကျွန်တော်သူငယ်ချင်းနှစ်ယောက်ကြောင်တိကြောင်တောင်နဲ့ပုဆိုးကိုချွတ်ပြီး ဝါးထမ်းပိုးလုပ်ကာ လူနာကိုပုဆိုးနှင့်ထုတ်ကာ ရှေ့နောက်ထမ်းပြီး ရွာကိုပြန်ခဲ့ရာ ထမ်းစင်ပေါ်ကနေစကားတွေ မနားတမ်းပြောနေတယ်ဆရာ.... ကျွန်တော်တို့လည်း ခပ်လန့်လန့်နဲ့လိုက်ခဲ့ရာ၊ ရွာအဝင်မှာ အသက်ပျောက်သွားတယ်ဆရာ ရွာတော်ရှင်က လူသေကိုအဝင်မခံတဲ့ သဘောနဲ့တူတယ်ဆရာ.... ဒေါ်ဝင်းစိန်သစ်ပင်ပိကြောင်း သတင်းအစအနရတော့ ရွာကလူတွေလည်း ရောက်လာကြတယ်ဆရာ.... နားလည်တဲ့ရွာလူကြီးတွေကလည်းပြောတယ် သူ့အသက်ဟာ သစ်ပင်ပိကတည်းကသေခဲ့ပြီးပြီတဲ့.... အသက်ရှင်စကားပြောတယ်ဆိုတာ တောမှီသွားတာ၊ အပမှီသွားတာဖြစ်ကြောင်းပြောကြတယ် ကျွန်တော် လည်း ည ညကျရင်သွေးသံရဲရဲနဲ့ရုပ်ပျက်ပြီး စကားပြောနေတဲ့ ဒေါ်ဝင်းစိန်ကိုမြင်ယောင်ပြီး အိပ်မပျော်တဲ့ညတွေ အများကြီးပဲဆရာ....''

ကိုကြည်သိန်းပြောတဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကလည်း အသည်းထိတ်စရာပါတကား။ တိတ်ဆိတ်နေသော ညအမှောင်အောက်တွင် ပြောပြနေခြင်းဖြစ်၍ ကျွန်တော်ပင် ကျောချမ်းနေမိ၏။

''အင်း.... မင်းရဲ့အတွေ့အကြုံကလည်း ထူးဆန်းပါပေ့ကွာ''ဟု ကျွန်တော်မှတ်ချက်ပေးလိုက်၏။ ကျွန်တော်၏မှတ်ချက်အဆုံးတွင်ဘေးတွင်ငြိမ်၍ နားထောင်နေသော ကိုထွန်းမြင့်က အကြောင်းအရာတစ်ခုကို စလိုက်ပြန်သည်။

''ကျွန်တော်သူငယ်ချင်းရဲ့ ကိုယ်တွေ့ဖြစ်ရပ်ကလည်းဆန်းတယ်ဆရာ....''

''ဗျာ'' ကျွန်တော်၏အာမေဋိတ်သံတစ်ခု ထွက်ပေါ်သွား၏။ ကျွန်တော်ကပင် စကားကိုဆက်၍ ''ပြောဗျာ ဒီညတော့ အထူးအဆန်းတွေကြားရတဲ့ညပေါ့''

ရဲနွယ်ကြိုးဝိုင်း၊ အိုင်တုံကွန်းကြိုးဝိုင်းတို့သည် သစ်ကြီးဝါးကြီးပေါက်ရောက်ခြင်းနှင့်အတူ သစ်မျိုးကောင်းအဖိုးတန်ကျွန်း၊ ပျဉ်းကတိုးနှင့်သစ်မာမျိုးစုံ အများအပြားပေါက်ရောက်ပါသည်။ သစ်များထုတ်ယူရာတွင် မြန်မာ့သစ်လုပ်ငန်းများမှ ဆင်၊ ကား၊ ယန္တရားလုံလောက်မှုမ

ရှိ၍ ကုမ္ပဏီများကို သစ်ထုတ်ခွင့်ကိုယ်စားလှယ်ပေးထားရာ သစ်ကမ္ဘာကုမ္ပဏီသည် မြို့ချောင်းသစ်ထုတ်နယ်မြေတွင် အကြီးဆုံးကုမ္ပဏီဖြစ်သည်။ သစ်တိုက်ကား၊ ယာဉ်၊ ယန္တရားပြည့်စုံသည့်အပြင် စည်းကမ်းပိုင်းဆိုင်ရာလည်း တိကျမှန်ကန်စွာလိုက်နာသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကိုထွန်းမြင့်ပြောပြမည့် နောက်ဖြစ်ရပ်ဆန်းမှာ အဆိုပါကုမ္ပဏီ၏ ယာဉ်မောင်းတစ်ဦးအကြောင်းဖြစ်ပါသည်။

ကျွန်တော်သူငယ်ချင်း ကိုဝင်းညွန့်က "သစ်ကမ္ဘာ"ကုမ္ပဏီမှာ ကားမောင်းတယ်ဆရာ၊ တစ်ည သစ်တင်ပြီးလည်းဖြစ် ခေါက်ရေပြည့်မီဖို့ကလည်း အရေးကြီးတော့ စပယ်ယာမပါဘဲ တစ်ယောက်တည်းမောင်းလာတာ အချိန်အားဖြင့် ည ၁၂နာရီခန့်လို့ပြောတယ်ဆရာ.... (၁၇) မိုင်စခန်းဟောင်းနေရာရောက်တော့ မိန်းကလေး(၃) ယောက်ကားတားတာကိုမြင်လို့ ရပ်ပေးဖို့စဉ်းစားကာ ကားကိုအရှိန်လျှော့ပြီး ကြည့်လိုက်တော့ မိန်းကလေးတွေက အရွယ်ငယ်ပြီးချောမောကာ အနီရောင်ဝတ်စုံတွေနဲ့မို့ စိတ်ထဲမှာမသင်္ကာလို့ ကားကိုမရပ်တော့ဘဲ အရှိန်မြင့်ပြီး ဆက်မောင်းသွားလိုက်တာ သူ့အနေနဲ့ကျွတ်ပြီလွတ်ပြီ ထင်လိုက်သော်လည်း တစ်မိုင်ကျော်ခန့် မောင်းလိုက်ပြီးတဲ့အခါ မိန်းကလေးများ စကားပြောသံကို သူ့နားထဲမှာ ကြားလာသည်။ ကြောက်စိတ်ကြောင့် ထင်မိထင်ရာကြားမိကြားရာဟု ပထမသဘောထားလိုက်သော်လည်း စကားသံများက ရပ်မသွားသေချာအောင် ကားစက်သံကိုအရှိန်လျှော့၍ နားထောင်ရာ မိန်းကလေးများ၏စကားသံများမှာ သူ့ကားခေါင်မိုးပေါ်က ဖြစ်နေလေသည်။ စကားပြောသံကိုသာကြားရသည်။ အကြောင်းအရာက နားထဲမှာ မသဲမကွဲ ရီလိုက်တဲ့အသံကတော့ ဟီးဟီးဟားဟားနဲ့ ကြာလေ အသံပိုကျယ်လေတဲ့ တောသံနဲ့ရောနေတော့ သူနားမခံနိုင်အောင် ခံစားရတယ်တဲ့ဆရာ...."

ကိုထွန်းမြင့် ဆက်လက်ပြောတာကတော့ သူ့သူငယ်ချင်းဟာ ကြောက်အားကြီးစွာနဲ့မောင်းလာလိုက်တာ(၁၃)မိုင်စခန်း၊ (၁၀)မိုင်စခန်းတွေမှာ လူရှိပေမယ့် သန်းခေါင်ကျော်ပြီးအိပ်နေကြလို့ ကားကိုမရပ်ဘဲ မောင်းလာတာ မြို့ချောင်းသစ်ဆိပ်ကို ဘယ်လိုဘယ်ပုံရောက်လာမှန်းမသိတော့ကြောင်း၊ ကြောက်အားကြီးလွန်း၍ တစ်ကိုယ်လုံးလဲချွေးတွေရွှဲနေကြောင်း၊ သစ်ဆိပ်သို့ရောက်တော့ ခြေကုန်လက်ပန်းကျပြီး လှုပ်လဲမလှုပ်နိုင်တော့ကြောင်း သစ်ဆိပ်မှစောင့်နေသည့် သစ်ချမည့်ကလပ်သမားများက နားနေစခန်းသို့တွဲခေါ်ပြီး အနားခိုင်းတော့ ကိုဝင်းညွန့် အပြင်းဖျားတော့သည်။ အတွေ့အကြုံရှိသည့် လူကြီးများက ရေမန်းတိုက်ပြီး ဗမာဆေးမျိုးစုံ၊ အင်္ဂလိပ်ဆေးမျိုးစုံနှင့် တစ်ပတ်ခန့်ကုသလိုက်မှ သက်သာသွားရှာ၏။ ကိုဝင်းညွန့် တစ်ယောက် စိတ်အားငယ်ပြီး ကြောက်စိတ်ဝင်သွားလို့ တစ်လခန့်ကားမောင်းရပ်နားရကြောင်း၊ ကားပြန်မောင်းတော့ အဖော်မပါရင် တစ်ယောက်တည်းမသွားတော့ကြောင်း ဆက်လက်ပြောပြပါသည်။

အမှန်တကယ်ပင် ကျွန်တော်တို့ကျောက်တံခါးမြို့နယ်တွင် ကြီးမားသောကြိုးဝိုင်းကြီးများဖြစ်သည့် ဘိုင်းဒါ၊ ရဲနွယ်၊ အိုင်တုံကွန်ကြိုးဝိုင်းကြီးများ တည်ရှိနေပါသည်။ ရေမြေရာသီဥတုကောင်းပြီး သစ်ကြီးဝါးကြီးပေါသည့်တောကြီးဖြစ်နေ၍ တော၏မာယာပရိယာယ်များရှိကောင်းရှိနေနိုင်ပါသည်။ သဘာဝနှင့်ဆန့်ကျင်၍ သဘာဝလွန်များလည်းရှိနိုင်ပါသည်။ ကမ္ဘာဦးမှစ၍ လက်လှမ်းမီသမျှ လူနှင့်သတ္တဝါတို့ဖြစ်တည်မှု နှစ်ပေါင်းများစွာအတွင်း ဤတော၊ ဤတောင်၊ ဤနေရာများ၌ ကားမှောက်၍လည်းကောင်း၊ ဆင်နင်း၍လည်းကောင်း၊ သစ်ပင်ပိ၍လည်းကောင်း၊ ငှက်ဖျားဖြစ်၍လည်းကောင်း၊ အသက်ဆုံးရှုံးသွားကြသည့်လူများ၏ ဝိညာဉ်အစွဲအလမ်းများသည် မကျွတ်မလွတ်ဘဲ ယနေ့ထိတည်ရှိနေနိုင်သည်ကိုလည်း ဗုဒ္ဓဘာသာပီပီလက်ခံရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်အပါအဝင် သစ်တောသစ်ထုတ်ဝန်ထမ်းများ သွားလာကျက်စားရာ ရိုးမတောမှရင်မောဖွယ်ရာ ဖြစ်ရပ်ဆန်းများက အများအပြား ကြားသိမြင်တွေ့နေရဦးမည်သာဖြစ်ပါတော့သည်။

**သစ်တောရေးရာဂျာနယ်၊ ၂၀၁၀ ခုနှစ်၊ မတ်လထုတ်တွင် ဖော်ပြပါရှိခဲ့သည့် "ယောနကဖိုးကျော်"၏ ဆောင်းပါးအား မူရင်းအတိုင်း ပြန်လည်ဖော်ပြအပ်ပါသည်။**

## အမှားပြင်ဆင်ချက်

၂၀၁၈ခုနှစ်၊ ဩဂုတ်လ သစ်တောကြေးမုံတွင် ဖော်ပြပါရှိသော **"ဟဲ-ဟဲ-ဒါလေးများ(၉)"** ဆောင်းပါး၏ ကလောင်အမည် **ဦးသီရိတင်(သစ်တော)**ဟု မှားယွင်းဖော်ပြမိသည့်အတွက် **သီရိတင်(သစ်တော)**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်-

လေးစားစွာဖြင့်

စာတည်းအဖွဲ့
သစ်တောကြေးမုံ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသော

ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်မှ ကောက်နုတ်ဖော်ပြသည်။

## သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရေး

### သန့်ရှင်းသော သောက်သုံးရေသည်

- ❖ အနည်အမှုန်ကင်းရမည်။
- ❖ ကျန်းမာရေးထိခိုက်စေသော ပိုးမွှားကင်းစင်ရမည်။
- ❖ အရောင်အဆင်း အနံ့အရသာကင်းရမည်။
- ❖ ဓာတ်သတ္တုများပါဝင်သင့်သည့် ပမာဏထက်မပိုရ။

### ရောဂါပိုးပါသည့်ရေကို သောက်သုံးမိသည့်အတွက်

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါစသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

### သောက်သုံးရေကို ညစ်ညမ်းစေသော အကြောင်းရင်းများ

- ■ သောက်သုံးရေကန် စတင်တည်ဆောက်စဉ်က စနစ်တကျမရှိခဲ့ခြင်း၊
- ■ သောက်ရေကန်မှ ရေရယူသုံးစွဲပုံစနစ် မှန်ကန်မှုမရှိခြင်း၊
- ■ သောက်သုံးရေကန် သန့်ရှင်းမှုရှိစေရန် သတိပေးနိုးဆော်ချက်များကို လိုက်နာကျင့်သုံးမှုမရှိခဲ့ခြင်း၊
- ■ သောက်သုံးရေကန်အနီးဝန်းကျင်တွင် မစင်၊ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများရှိနေခြင်း၊
- ■ စနစ်တကျတည်ဆောက်ပြီးသော သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းပြုပြင်မှုမရှိခြင်း၊
- ■ သန့်ရှင်းစနစ်ကျသော သောက်သုံးရေတွင်းဖြစ်စေရန်အတွက် ရေတွင်းတူးရန် မြေနေရာကို ရွေးချယ်ရာ၌ မှန်ကန်မှုမရှိခြင်း၊

> ➢ **အညစ်အကြေးစွန့်ပစ်သောနေရာနှင့် ပေ(၅၀)ဝေးကွာပြီး မြင့်သောအပိုင်းတွင်ရှိရမည်။ အထူးသဖြင့် အိမ်သာ၊ အမှိုက်သရိုက်နှင့် ရေဆိုးများစွန့်ပစ်သည့်နေရာထက်မြင့်သော အပိုင်းတွင်ရှိရမည်။**
>
> ➢ **ရေဝပ်ရေလျှံသောနေရာ လုံးဝ(လုံးဝ)မဖြစ်စေရ။**

### သောက်သုံးရေကန်သန့်ရှင်းရေးလုပ်ငန်းများ

### ရေရယူသုံးစွဲပုံစနစ်

- ♦ ရေကန်အတွင်းမှ ရေကို ရယူသုံးစွဲရန် ကန်ဘောင်ပြင်ပတွင် လက်နှိပ်တုံကင် တပ်ဆင်၍ ရေကန်အတွင်းသို့ ရေပိုက်ဆက်သွယ်ကာ ရယူသုံးစွဲနိုင်ပါသည်။
- ♦ ရေကန်အတွင်းသို့ လူကိုယ်တိုင်ဝင်ရောက်၊ ခပ်ယူ၊ သယ်ဆောင်ခြင်းလုံးဝမပြုလုပ်ရပါ။

### ကလိုရင်းဆေးခပ်ခြင်း

ကလိုရင်းဓာတ်ငွေ့ကို ရေထဲကိုပျံ့နှံ့အောင် ပြုလုပ်ခြင်းသည် ရောဂါဖြစ်စေသည့် ပိုးမွှားများအားသေကြေပျက်စီးစေနိုင်သည့်နည်းလမ်းဖြင့် ထိန်းချုပ်ခြင်းဖြစ်သောကြောင့် သောက်သုံးရန် သင့်လျော်သော ရေကန်ရေသန့် ရရှိခံစားရန်အတွက် ဆောင်ရွက်ပေးသော ရေသန့်စင်ရေးနည်းလမ်းကောင်းတစ်ရပ်ဖြစ်သည်။

ရေတွင်းအသစ်တူးပြီးလျှင် ရေတွင်းဆေးကြောပြီးလျှင်၊ ပြင်ပရေဝင်လျှင် ဒေသအခြေအနေအရ ယခင်နှစ်များတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့်ကာလမတိုင်မီ၊ ဝမ်းရောဂါဖြစ်ပွားသည်/ ဖြစ်ပွားနိုင်သည်ဟု သံသယရှိသောအခါ ရေတွင်းထဲသို့ ညစ်ညမ်းသော ရေဝင်ရောက်သည့်အချိန်နှင့် မိုးရွာပြီးသည့်အချိန်များတွင် ကလိုရင်းခပ်ပေးရပါမည်။ မြေသားရေကန်အတွင်းသို့ တိုက်ရိုက်ဆေးမခပ်ရပါ။ သိုလှောင်ထားသော ရေသိုလှောင်ကန်၊ စဉ့်အိုး၊ရေပုံးစသည်များသို့

ဆေးခပ်ပေးရပါမည်။ လက်တူးရေတွင်းသို့ တိုက်ရိုက်ဆေးခပ်နိုင်ပါသည်။

**သောက်ရေအိုးများတွင် အသင့်ဖျော်ထားသော ကလိုရင်းဆေးခပ်နည်း**

ဘလီချင်းပေါင်ဒါဆေးမှုန့် ဟင်းစားဇွန်း(၂)ဇွန်းကို ရေတစ်လီတာဘူးနှင့်ဖျော်ပါ။ ရေတစ်ဂါလံတွင် ၄င်း ဆေးဖျော်ရည်ကြည် လက်ဖက်ရည်ဇွန်း(၁)ဇွန်းနှုန်းဖြင့် သောက်ရေအိုးထဲသို့ခပ်၍သုံးပါ။ အနည်းဆုံး(၃၀)မိနစ်ကြာပြီးမှ သောက်သုံးသင့်ပါသည်။

**ကလိုရင်းအကြွင်းအကျန် (Chlorine residual )ရှိ မရှိ စမ်းသပ်နည်း**

နည်း(၁) အနံ့ခံနည်း– ဆေးအသုံးမပြုသော ပုံး၊ ခွက်၊ လက်ဖြင့်ရေကိုယူ၍ အနံ့ခံစမ်းသပ်ပါ။ အနံ့ရှိလျှင် အကြွင်းရှိသည်။

နည်း(၂) ကလိုရင်းဆေးခပ်ပြီး ရေတွင် ပိုတက်စီယမ်အိုင်အိုဒိုဒ် နှစ်ခဲ(သို့) သုံးခဲ ထည့်မွှေ၍ ထမင်းရည်ထည့်လိုက်လျှင် မိုးပြာရောင်ပြပါက အကြွင်းရှိပါသည်။

နည်း(၃) ခေတ်မီကလိုရင်းအကြွင်းအနံ့ စမ်းသပ်ကိရိယာများဖြင့်လည်း စမ်းသပ်နိုင်ပါသည်။

**ရေကန်ကို သန့်ရှင်းခြင်း**

- ရေကန်အတွင်းရှိပေါင်းပင်၊ မှော်ပင်များကို ပုံမှန်ရှင်းလင်းဖယ်ရှားပါ။
- လိုအပ်လျှင် ကန်ထဲရှိရေကိုထုတ်၍ ကန်ဆယ်ရမည်။ ဆယ်ရာတွင် အောက်ခြေမြေသား မပေါက်စေရန် သတိပြုပါ။
- ထိုသို့ ဆောင်ရွက်မှုများကို ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။
- လက်နှိပ်တုံကင်မှတစ်ဆင့် ရေကန်ပြင်ပ၌ ရေကျကန်ဆောက်လုပ်၍ ရေကိုရယူသုံးစွဲပါ။

**သတိပေးဆိုင်းဘုတ်**

**'ရေကန်အတွင်းသို့ ဝင်ရောက်ပြီး ရေမခပ်ရ' ဆိုင်းဘုတ်ကို လူအများမြင်သာသည့်နေရာတွင် စိုက်ထူထားရပါမည်။**




➢ ကိုယ့်အလှည့်ကျခဲ့
တိမ်းမန္တဲ့ဘဲ
စိမ်းလဲ့စိုပြည်
ပူပိုင်းမြေသို့
ကိုယ်လေတစ်ကျော့ သွားတော့မယ်။

➢ သစ်တောစိမ်းစို
မခွဲလိုဘူး
ညီကိုဌာန
ဝန်ထမ်းဘဝ
ပြောင်းကြတာဝန်
ကိုယ်ကျေပွန်ဖို့
အားသွန်ကြိုးပမ်း
ကိုယ့်ဉာဏ်စွမ်းဖြင့်
လျှောက်လှမ်းလို့ရယ် ဆောင်ရွက်မယ်။

➢ အမောတွေဖောက်
တောတောင်ခြောက်မှာ
စမ်းပျောက်ရေတွေ
စီးဆင်းစေဖို့
ကိုယ်လေအားထုတ် ကြိုးစားမယ်။

➢ ဩော် --
ရွှေမိုးကိုမျှော်
မြေဆီသော်ခြောက်
မိုးနှော်ရောက်မှ
စိုက်ပျိုးကြကာ
ကန္တာရမြေ
စိမ်းမြဝေစေ အိုအေစစ်တွေဖြစ်ပါစေ။

မုံရွာ- ချစ်သန်းထွန်း(ခေတ္တစိမ်းစို)

# ဆေးဖက်ဝင်ကြယ်ပဲ

မြမြသန်း(ဓာကြည့်တိုက်လက်ထောက်-၂)



ကြယ်ပဲ၏ အပင်၊ အရွက်၊ အသီး၊ အစေ့ပုံ

Common name: Sacha inchi
Botanical name: *Plukenetia volubilis*



ကြယ်ပဲသည် နွယ်ပင်မျိုးဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၄၀ မှ ၅၅၀၀မြင့်သော တောင်အမေရိက အင်ဒီးစ် (Andres)တောင်တန်း အပူပိုင်းစိုစွတ်ဒေသတွင် သဘာဝအရပေါက်ဖွားသည့် အပင်မျိုးဖြစ်ပါသည်။ တောင်အမေရိက၊ အမေဇုန်မိုးသစ်တောတို့တွင် အစားအစာအဖြစ် နှစ်(၃၀၀၀)ကျော် အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ အင်္ဂလိပ်အမည်မှာ Sacha Inchi ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ *Plukenetia volubilis* ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီးချွမ်းဒေသတွင် တရုတ်စိုက်ပျိုးရေးသုတေသနဌာနမှ စတင် စမ်းသပ်စိုက်ပျိုး အောင်မြင်ခဲ့သည်ဟု လေ့လာသိရှိရပါသည်။ ကြယ်ပဲသည် အဟာရဓာတ်ကြွယ်ဝသည့်အပြင် လူခန္ဓာကိုယ်တွင် မရှိမဖြစ်လိုအပ်သော essential fatty acids, linolenic acid ၈၄%၊ Omega 3. ၅၅% အထိ ပါဝင်နေပြီး ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် Linolenic Acid ပါဝင်နှုန်းသည် ကြယ်ပဲထက်မြင့်သည့် အပင်မရှိသေးဟုသိရှိရပါသည်။ ၎င်းအပြင် Omega 3,6,9၊ ဗီတာမင်A,Eနှင့် Proteinတို့ကြွယ်ဝစွာ ပါဝင်နေကြောင်းလည်း တွေ့ရှိရပါသည်။

## သင့်တော်သည့်ရာသီဥတု

ကြယ်ပဲသည် နွေးသမပိုင်းကို ကြိုက်နှစ်သက်ပြီး နံနက်မှညနေထိ နေရောင်ကောင်းစွာရရှိသော ၁၂°C မှ ၃၆°C အတွင်း၊ အမြင့်ပေ (၂၄၀ မှ ၅၅၀၀)အတွင်း စိုက်ပျိုးနိုင်ကြောင်း ပျမ်းမျှအပူချိန် ၁၈°C မှ ၃၆°C အတွင်းရှိလျှင် အကောင်းဆုံးဖြစ်ကြောင်း သိရှိရပါသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၉.၄လက်မနှင့်အထက်တွင် ဖြစ်ထွန်း၍ စိုက်ပျိုးရာတွင် အပင်အောက်ခြေမြေသား ၁ပေခွဲအထက်ရှိရန်လိုအပ်ပြီး ရေမဝပ်သော၊ မြေဆီလွှာကောင်းသော(PH-

5.5-7.5 ရှိသော)မြေနီအုတ်ခဲရောင် မြေများတွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကြယ်ပဲမျိုးရင်းဝင်များသည် ရေဝပ်ပါက အမြစ်ပုပ်ရောဂါဖြင့် အပင်ကြီးငယ်မရွေး သေဆုံးနိုင်သဖြင့် မိုးများသော ဒေသများတွင်ရေမဝပ်ရန် ရေနုတ်မြောင်းများဖော်၍ စိုက်ပျိုးနိုင်ကြောင်း သိရှိရပါသည်။ ၄င်းအပြင် ကြယ်ပဲသည် နွေးသမပိုင်းရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် မြန်မာပြည်တွင် တောင်ပေါ်မြေပြန့် မည်သည့်နေရာတွင်မဆို ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ တောင်သူဦးကြီးများအတွက် တစ်ကြိမ်စိုက်ပျိုးရုံဖြင့် နှစ်(၃၀)အထက် နှစ်ရှည်ဝင်ငွေရရှိနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းလည်းဖြစ်ပါသည်။ သစ်တောကြိုးဝိုင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများတွင် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်း Agroforestry system အနေဖြင့်လည်း ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရပါသည်။

## ကြယ်ပဲ၏ ပုံပန်းသဏ္ဌာန်

နွယ်ပင်မျိုးဖြစ်သဖြင့် တိုင်(သို့)စင်များဖြင့် စိုက်ပျိုးရပါသည်။ အရွက်မှာ အသဲပုံသဏ္ဌာန်ရှိပြီးအနားသတ်တွင် လွှသွားကဲ့သို့ပါရှိပါသည်။ အသီးမှာပုံမှန်အားဖြင့် ကြယ်ကဲ့သို့(၄)ထောင့်မှ(၅)ထောင့်ထိရှိပြီး အချို့မှာ(၇)ထောင့်ထိရှိသည်။ စိုက်ပျိုးပြီး (၅/၆)လခန့်အကြာတွင် ပန်းစပွင့်ပါသည်။ အပွင့်မှာ ဆင်စွယ်အဝါဖျော့ရောင်ရှိပြီး စိုက်ပျိုးပြီး (၈)လခန့်တွင် အသီးများဆွတ်ခူးနိုင်သည်။ တစ်နှစ်လျှင် (၃)ကြိမ်ပွင့်၊ (၃)ကြိမ်သီးပြီး (၃)ကြိမ်ဆွတ်ခူးနိုင်ပါသည်။ အသီးနုချိန်တွင် အစိမ်းရင့်ရောင်ရှိပြီး မှည့်ချိန်တွင် အညိုရောင်သန်းလာသည်။ အသီးတစ်လုံးလျှင် အဆံ(၄)စေ့မှ (၇)စေ့အထိပါရှိပါသည်။

## အပင်ဖောက်ခြင်း၊ ပျိုးခြင်းနှင့် ပြောင်းရွှေ့စိုက်ပျိုးခြင်း

ကြယ်ပဲသည် အစိုဓာတ်ကြိုက်သော်လည်း ရေများများမကြိုက်ပါ။ ရေနွေး(၁)ဂါလံ၊ ရေအေး(၁)ဂါလံရောပြီး (၁း၁)အတိုင်းအဆထဲတွင် **မျိုးစေ့ကို(၂၄)နာရီစိမ်ပြီး၊ မြေကြီး (၃)ဆ၊ သဲ(၂)ဆ၊ ဖွဲပြာ(၁)ဆ၊ နွားချေး(၁)ဆရောပြီး**ထည့်ထားသော ပျိုးအိတ်ထဲတွင် မျိုးစေ့ကိုချက်ဘက်မှ(၄)ပုံ(၃)ပုံဒေါင်လိုက် မြေကြီးထဲတွင် စိုက်ထည့်ရပါသည်။ (၃)ရက်မျှကြာလျှင် အစေ့ကွဲပြီး(၇)ရက်မျှကြာလျှင် အစေ့အရွက်အမြစ်ထွက်လာပါမည်။ ရေကိုအစိုဓာတ်မပျောက်အောင် (၃)ရက်(၄)ရက် တစ်ကြိမ်ပေးပြီး ပျိုးပင် (၄၅)ရက်သားတွင်စိုက်ကျင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်ပါသည်။ ပျိုးခင်းကို(၆၀%) (၇၀%)အရိပ်လုပ်ပေးရပါမည်။ ပျိုးအိတ်ကို ၆"×၉"၊ ၆"×၁၀" (သို့) ၆"×၁၁" သင့်တော်သောအရွယ်အစားဖြင့် အသုံးပြုနိုင်ပါသည်။ ပုံမှန်ရေပေးနိုင်လျှင် နွေ၊မိုး၊ဆောင်းရာသီမရွေး စိုက်ပျိုးနိုင်သော အပင်မျိုးဖြစ်ပါသည်။

## စိုက်ပျိုးရန်ပြင်ဆင်ခြင်း

ပင်ကြား၊ တန်းကြား(၉×၉)ပေ၊ တစ်ဧက အပင် (၅၄၀)ပင်ဝင်ဆံ့ပါသည်။ မြေပြန့်နှင့် တောင်စောင်းများတွင် ကွန်တိုစနစ်ဖြင့် စိုက်ပျိုးနိုင်ပြီး၊ စိုက်ကျင်းများကို (၁)ပေ (သို့) (၁)ပေခွဲပတ်လည်တူး၍ (၈)လက်မအနက်ကိုဖယ်ပြီး မြေဆွေး၊ ကြက်ချေး၊ နွားချေး(သို့) အော်ဂဲနစ်မြေဆွေးများနှင့်ရောပြီး ကျင်းထဲသို့ထည့်၍ (၄)ရက် (သို့) (၅)ရက်နှပ်ထားရပါမည်။

ကြယ်ပဲနွယ်များတက်နိုင်ရန်အတွက် စိုက်ပင်ကျင်းဘေးတွင် မြေပေါ်အမြင့် ၆' ရှိ ကွန်ကရစ်တိုင်(သို့) သစ်သားတိုင်များစိုက်ထူ၍ အမြင့် ၅ ၁/၂ နေရာတွင် သစ်သားတန်းဖြင့်လည်းကောင်း၊အမြင့်၃ ၁/၂ နှင့်၁ ၁/၂ နေရာတို့တွင် သွပ်နန်းကြိုးများတန်းထားပေးရပါမည်။

## ကြယ်ပဲ၏အထွေထွေအသုံးဝင်ပုံ

(၁) ကြယ်ပဲသည် လူ့ခန္ဓာကိုယ်တွင် မရှိမဖြစ်သော Omega 3,6,9 နှင့် ဗီတာမင်A,E နှင့်Protein တို့ကြွယ်ဝစွာပါဝင်သဖြင့် အမေရိကန်၊ ဥရောပနိုင်ငံများ၊ထိုင်ဝမ်၊တရုတ်နှင့် ဂျပန်စသည့် နိုင်ငံများတွင် စားသုံးဆီအဖြစ် အသုံးများလာကြသည်။ လူ့ကျန်းမာရေးအတွက် ဆိုးကျိုးမရှိသဖြင့် သရေစာအဖြစ်လည်း စားသုံးလာကြသည်။

(၂) အညွန့်၊ အရွက်များသည် ဗီတာမင်ကြွယ်ဝသဖြင့် ဟင်းအမျိုးမျိုးအဖြစ် ချက်ပြုတ်စားသောက်နိုင်ပါသည်။

(၃) အရွက်ခြောက်များကို လက်ဖက်ခြောက်ကဲ့သို့ သောက်ခြင်းဖြင့် အဆီကျပြီး မှတ်ဉာဏ်ကောင်းစေပါသည်။

(၄) အစေ့ကိုလှော်၍ သရေစာအဖြစ် စားသုံးခြင်းဖြင့်လည်း ကျန်းမာရေးအတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။

(၅) ထမင်းချက်လျှင် ထမင်းအိုးထဲသို့ ကြယ်ပဲဆီတစ်ဇွန်းခန့်ထည့်ချက်ခြင်းဖြင့် ထမင်းအရသာပိုမိုမွှေးကြိုင်ကောင်းမွန်သည့်အပြင် ဆီးချိုရောဂါကိုကာကွယ်ပေးနိုင်ပါသည်။

(၆) တရုတ်နိုင်ငံ ဆေးပညာရှင်များ၏ သုတေသနတွေ့ရှိချက်အရ နံနက်အိပ်ယာထထခြင်း(သို့) ညအိပ်ယာဝင်ခါနီးတွင် ကြယ်ပဲဆီတစ်ဇွန်း သောက်ပေးခြင်းဖြင့် ဆီးချိုနှင့် သွေးတွင်းအဆီခဲများကျစေပြီး အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများပျောက်ကင်းစေသည့်အပြင် သွေးကြောပိတ်ခြင်း

မှလည်းကာကွယ်ပေးနိုင်သဖြင့် သက်ကြီးရွယ်အိုများနှင့် သွေးတိုးရောဂါ၊ နှလုံးရောဂါဝေဒနာရှင်များ အထူးသောက်သုံးသင့်ကြောင်း ဖော်ပြထားပါသည်။




ကြယ်ပဲ၏ Omega ဓါတ်ပါဝင်မှု




ကြယ်ပဲ မှ ထုတ်လုပ်သည့် ငါးကြီးဆီ၊ စားသုံးဆီ




ကြယ်ပဲ မှ ထုတ်လုပ်သည့် အလှကုန်နှင့်မုန့်



**ဆေးဖက်ဝင်ပုံ**

(၁) ခန္ဓာကိုယ်အတွင်းရှိ မကောင်းသောအဆီ ကိုလက်စထရောများကို လျှော့ကျစေခြင်း။

(၂) ကြယ်ပဲမှာ Tryptophan တွေများစွာပါဝင်လို့ Serotonin Hormones များကိုထွက်စေပြီး စိတ်ဖိစီးမှုကို လျှော့ကျစေခြင်း။

(၃) အစားစားချင်စိတ်ကို မလျှော့နည်းအောင်နှင့် အလွန်အကျွံမဖြစ်အောင် ထိန်းညှိပေးခြင်းကြောင့် ကိုယ်အလေးချိန်ကို ထိန်းပေးထားနိုင်ခြင်း။

(၄) ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုခြင်းကြောင့် ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါများကိုကာကွယ်ပေးခြင်း။

(၅) သွေးလည်ပတ်မှုကိုကောင်းစေခြင်း၊ သွေးပေါင်ချိန်ကိုထိန်းညှိပေးခြင်း။

(၆) ကိုယ်တွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးနိုင်သဖြင့် ဆီးချိုသွေးချို အဆင့်–၂ရောဂါရှင်များ ဓာတ်စာအဖြစ်စားသုံးနိုင်ခြင်း။

(၇) ကယ်လစီယမ်ဓာတ် စုပ်ယူမှုအားကောင်းစေသဖြင့် အရိုးအဆစ်များကို သန်မာစေခြင်း။

(၈) ဗီတာမင်A နှင့် ဗီတာမင်E ပါဝင်နေသဖြင့် မျက်စိကျန်းမာရေးကို အထောက်အကူပြုပြီး မျက်စိအမြင်အာရုံကိုပိုကောင်းစေပါသည်။

(၉) Omega 3,6,9 ကြွယ်ဝသဖြင့် အသားရည်လှပစေခြင်း၊နေလောင်ခြင်းကြောင့်ဖြစ်သည့် အသားအရေပျက်စီးခြင်းများကို ကာကွယ်ပေးနိုင်ခြင်း၊အိုမင်းရင့်ရော်ခြင်းမှလည်း ကာကွယ်ပေးနိုင်သဖြင့် ငါးကြီးဆီ၊ မိတ်ကပ်စသည့်အလှကုန်ပစ္စည်းများအဖြစ်လည်း ထုတ်လုပ်လျက်ရှိပါသည်။

(၁၀)ကြယ်ပဲဆီနှင့် ဂျင်းကိုရောစပ်စားသုံးလျှင် အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းနှင့် ဂေါက်ရောဂါ၊ လေးဖက်နာရောဂါတို့ကို သက်သာစေပါသည်။

Reference:
1. The Plant List: A Working List of All Plant Species, Wikipedia, the free encyclopedia.
2. Hufstader, Chris (Winter 2009). "Looking to Sacha Inchi for their future".
3. https://sunwarrior.com/healthhub/10-amazing-health-benefits-sacha-inchi.
4. Super Chan ကြယ်ပဲစိုက်ပျိုးရေး Co.,Ltd.

# သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Artificial Regeneration, Weeding and Fire Protection)

## ရည်ရွယ်ချက်

သစ်တောအတန်းအစားကျဆင်းခြင်း(Forest Degradation)၊ သစ်တောပြုန်းတီးခြင်း (Deforestation)များ ဖြစ်ပေါ်နေသည့် သစ်တောဧရိယာများ၊ ဓမ္မတာနည်းအရ မျိုးဆက်ရန်မဖြစ်နိုင်သောတောများ၊ သဘာဝတောတန်ဖိုး မြှင့်စိုက်ပျိုးခြင်းနည်းအရ ပြုစုဆောင်ရွက်ပေးခြင်းဖြင့် လုံလောက်မှုမရှိသောတောများကို ပဝတ္တိမျိုးဆက်ခြင်းနည်း (Artificial Regeneration)ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပေးခြင်း ဖြစ်ပါသည်။

## သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များ

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို အောက်ပါလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည် –

### လုပ်ငန်းစဉ် – ၁။ စိုက်ခင်းမြေနေရာရွေးချယ်ခြင်း (Site Selection)

(က) စီးပွားရေးစိုက်ခင်းများကို စိုက်ခင်းမတည်ထောင်မီ သစ်တောခရိုင်မှ (၅) နှစ်အတွင်း ဆောင်ရွက်မည့် ခရိုင်ခုတ်လှဲမျိုးဆက်ခြင်းစီမံချက် (Felling Cum Regeneration Plan)ကို ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Management Plan) ၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan)၊ အမျိုးသားသစ်တောကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Forest Master Plan) တို့နှင့်အညီ ကြိုတင်ရေးဆွဲထားရှိရမည်။ ထို့အတူ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများအတွက်လည်း နှစ်အလိုက် စိုက်ပျိုးဆောင်ရွက်မည့်ကေအား ခရိုင်ခုတ်လှဲမျိုးဆက်ခြင်းစီမံချက်တွင် ထည့်သွင်းရေးဆွဲဆောင်ရွက်ရမည်။

(ခ) စိုက်ခင်းမြေနေရာရွေးချယ်ခြင်းကို ဩဂုတ်လအတွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာရွေးချယ်ရာတွင် စိုက်ခင်းအမျိုးအစားအလိုက် လိုက်နာရမည့်အချက်များကိုအခြေခံ၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

(ဂ) စိုက်ခင်းမြေနေရာကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာလအတွင်းအပြီးဆောင်ရွက်ရမည်။

### လုပ်ငန်းစဉ် – ၂။ တောင်ယာတိုင်းတာခြင်းနှင့်ယာခွဲဝေခြင်း (Surveying and Taungya Allocation)

(က) စိုက်ခင်းတောင်ယာတိုင်းတာခြင်းနှင့် ယာခွဲဝေပေးခြင်းလုပ်ငန်းကို နိုဝင်ဘာလလယ်မှ စတင်ဆောင်ရွက်၍ ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်ရမည်။

(ခ) ယာခွဲဝေရာတွင် ယာသမားတစ်အိမ်ထောင်၏လုပ်သားဦးရေနှင့် လုပ်ကိုင်နိုင်စွမ်းအပေါ်သုံးသပ်၍ ဝန်နှင့်အားမျှတပြီး နိုင်နင်းမည့်ဧရိယာကိုသာ ခွဲဝေပေးရမည်။





### လုပ်ငန်းစဉ် – ၃။ တောင်ယာခုတ်ခြင်း (Taungya Cutting)

(က) တောင်ယာခုတ်ခြင်းလုပ်ငန်းအား ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် စတင်ဆောင်ရွက်ပြီး ဖေဖော်ဝါရီလ

(၂၈)ရက်နေ့အတွင်း အပြီးဆောင်ရွက်ရမည်။

(ခ) မီးလောင်နာစေရန် အောက်ခံပင်များ၊ ဝါးပင်များ၊ခြုံနွယ်တို့ကို ဦးစွာခုတ်လှဲရမည်။ ၎င်းနောက် အပင်ကြီးများကို အောက်ခံပင်များပေါ်သို့ လှဲချပြီး အပေါ်သို့ ထိုးထောင်နေသည့်ကိုင်းတက်များကို ဖြတ်တောက်ခုတ်စဉ်းခြင်းဖြင့် မီးလောင်ကျွမ်းမှုကောင်းအောင်ဆောင်ရွက်ရမည်။





**လုပ်ငန်းစဉ်– ၄။ တောင်ယာမီးကာကွယ်ခြင်းနှင့် နေလှန်းခြင်း (Drying and Fire Protection of Taungya)**

(က) စိုက်ခင်းတောင်ယာမီးကာကွယ်ခြင်းကို ယာခုတ်ပြီးချိန်မှ မီးရှို့ပြီးသည်အထိ ဒီဇင်ဘာလလယ်မှ ဧပြီလပထမပတ်အထိ ဆောင်ရွက်ရမည်။

(ခ) တောင်ယာခုတ်လှဲပြီး စိုက်ခင်းပတ်လည်တွင် အကျယ် ၁၂ ပေရှိ မီးတားလမ်းအား ဖောက်လုပ်၍ မီးလောင်နိုင်သည့် သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်နှင့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းရပါမည်။

(ဂ) လူဝင်လူထွက်များပြားသည့် ဧရိယာတစ်ဝိုက်တွင် မီးဘေးကြိုတင်ကာကွယ်သည့်အနေဖြင့် အကျယ်ပေ၅၀ မှ ၁၀၀ အတွင်း မီးလှန်ခြင်းအား ဆောင်ရွက်ရမည်။

(ဃ) ခုတ်လှဲပြီးစိုက်ခင်းတောင်ယာကိုနေလှန်းခြင်းအား မိုးနည်းဒေသများတွင် တောခုတ်ပြီးနောက် ရက်၂၀ မှ ၃၀ အတွင်းနှင့် မိုးများသည့်ဒေသများတွင် ရက် ၃၀ မှ ၄၀ ခန့်အထိ ထားရှိဆောင်ရွက်ရမည်။





**လုပ်ငန်းစဉ်– ၅။ သစ်စေ့စုဆောင်းခြင်း (Seed Collection)**

(က) သစ်မျိုးအများစုသည် ဇန်နဝါရီလမှ မေလအတွင်း အများအပြား ရင့်မှည့်လေ့ရှိသည့်အလျောက် ၎င်းကာလအတွင်း လိုအပ်သောသစ်စေ့အပြည့်အဝရှိရေး စီမံဆောင်ရွက်ရမည်။

(ခ) ထင်းရှူးသစ်မျိုးမှာ ပျိုးသက်(၈)လကျော်ရှိရန် လိုအပ်သဖြင့် ထင်းရှူးမျိုးစေ့ကို (၁)နှစ်ကြိုတင်စုဆောင်း၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(ဂ) စိုက်ခင်းတည်ထောင်မည့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်သစ်စေ့များ ထွက်ရှိသော ဒေသမှ စုဆောင်းရမည်။

(ဃ) သစ်မျိုးအလိုက်သစ်စေ့စုဆောင်ခြင်းအား သစ်မျိုးတစ်မျိုးခြင်းအလိုက် သစ်စေ့ရရှိနိုင်သည့်ကာလတွင် စုဆောင်းရမည်။





**လုပ်ငန်းစဉ်– ၆။ ပျိုးထောင်ခြင်း (Nursery Practices)**

(က) ပျိုးထောင်ခြင်းလုပ်ငန်းအား သစ်မျိုးအလိုက် လိုအပ်သောပျိုးသက်ရရှိရန် ဆောင်ရွက်ရမည်။ ယေဘုယျအားဖြင့် ဒီဇင်ဘာလမှ မေလအထိ ဆောင်ရွက်ရမည်။

(ခ) ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်ရန် အမှန်လိုအပ်သည့်ပျိုးပင်အရေအတွက်ထက် ၁၀ ပို၍ ပျိုးထောင်ရမည်။

(ဂ) သွားလာရလွယ်ကူပြီး လမ်းဘေးတွင်ရှိသည့်စိုက်ခင်းများအတွက် အမြဲတမ်းပျိုးဥယျာဉ်မှ ပျိုးပင်များဖြင့် သယ်ယူစိုက်ပျိုးနိုင်သော်လည်း၊ သွားလာရန်ခက်ခဲသော စိုက်ခင်းများအတွက် စိုက်ခင်းနှင့် အနီးဆုံးနေရာတွင် ယာယီပျိုးဥယျာဉ်ဆောက်လုပ်၍ ပျိုးထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရမည်။

(ဃ) ပျိုးထောင်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ပျိုးသန့်ခြင်း၊ ပျိုးပင်ခံနိုင်စွမ်းရည်မြှင့်တင်ခြင်းဆောင်ရွက်ရာ၌ လိုက်နာရမည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။






**လုပ်ငန်းစဉ်– ၇။ မီးရှို့ခြင်း (Taungya Burning)**

(က) သကြန်မိုးမကျမီ ဧပြီလပထမပတ် နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရမည်။

(ခ) မီးရှို့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင်လိုက်နာရမည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။




**လုပ်ငန်းစဉ်– ၈။ ကျွန်းခွေခြင်း (Reburning)**

(က) ဧပြီလအတွင်းအပြီးဆောင်ရွက်ရမည်။

( ခ) တောင်ယာမီးရှို့ပြီးနောက် တစ်ပတ်ခန့်အကြာတွင် မီးမလောင်ဘဲ ကျန်နေခဲ့သည့် သစ်/ဝါး အပိုင်းအစများကို စုပုံ၍ ပြန်လည်မီးရှို့ရသည့်လုပ်ငန်းဖြစ်ပါသည်။

(ဂ) မီးမလောင်ကျွမ်းသော သစ်တို၊ဝါးစများကိုကောက်ယူ၍အနီးရှိ သစ်ငုတ် သို့မဟုတ် ဝါးငုတ်များပေါ်တွင်လည်းကောင်း၊ မီးလောင်မနာဘဲကျန်နေသောဧရိယာများတွင်လည်းကောင်း စုပုံ၍ မီးပြန်လည်ရှို့ရမည်။

(ဃ) တောင်ယာခုတ်စဉ်က အကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့သည် ဝါးပင်များ၊ သစ်ပင်ခြောက်များ၊ ကိုင်းဖျားများအား ပြန်လည်ခုတ်လှဲ၍ အလားတူစုပုံမီးရှို့ရသည်။

(င) ကျွန်းခွေခြင်းသည် သစ်ပင်စိုက်ပျိုးမည့် ဧရိယာအား ရှင်းလင်းပေးသည့်လုပ်ငန်းဖြစ်သဖြင့် ကျွန်းခွေခြင်းကောင်းပါက စိုက်ခင်းရှင်သန်အောင်မြင်မှု ကောင်းမွန်မည်ဖြစ်ပါသည်။




## လုပ်ငန်းစဉ်– ၉။ ပန္နက်ရိုက်ခြင်း (Stacking)

(က) ပန္နရိုက်ခြင်းကို ဧပြီလ(၂၀) မှ မေလ(၃၀)ရက်အတွင်း အပြီးဆောင်ရွက်ရမည်။

(ခ) စိုက်ခင်းတစ်ခုလုံး ကျွန်းခွဲပြီးသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ၊ ကျွန်းခွဲပြီးစီးသည့်ဧရိယာများတွင် ပန္နက်ရိုက်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်သွားရမည်။

(ဂ) စိုက်ခင်းအမျိုးအစားအလိုက် ပန္နက်အကွာအဝေးမှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | စိုက်ခင်းအမျိုးအစား | ပန္နက်အကွာအဝေး | (၁)ဧကစိုက်ပင်ဦးရေ |
|---|---|---|---|
| ၁။ | စီးပွားရေး | ၉ပေ x ၉ ပေ | ၅၄၀ |
| | (ကျွန်း၊ပျဉ်းကတိုး၊ပိတောက်၊ထင်းရှူး) | | |
| ၂။ | ကျေးရွာထင်း(မိုးများ) | ၆ပေ x ၆ပေ | ၁၂၀၀ |
| ၃။ | ကျေးရွာထင်း(မိုးနည်း) | ၁၂ပေ x ၁၂ပေ | ၃၀၀ |
| ၄။ | စက်မှုကုန်ကြမ်း | ၈.၅ ပေ x ၈.၅ပေ | ၆၀၀ |
| ၅။ | ရေဝေရေလဲ | ၁၅ပေ x ၁၅ပေ | ၂၀၀ |
| ၆။ | ဒီရေတော | ၆ပေ x ၆ပေ | ၁၂၀၀ |

(ဃ) ပန္နက်ရိုက်မှတ်ခြင်းအား အကွက်အလိုက်၊ အတန်းအလိုက် ရိုက်မှတ်ထားသည့် အရေအတွက်များအား မှတ်တမ်းထားရှိရမည်။





## လုပ်ငန်းစဉ်– ၁၀။ ကျင်းတူးခြင်းနှင့်ကျင်းဖို့ခြင်း (Digging and Filling)

(က) ကျင်းတူးခြင်းကို ဧပြီလ(၂၀)မှ မေလ(၃၀)ရက်အတွင်းအပြီး ဆောင်ရွက်ရမည်။

(ခ) ကျင်းတူးခြင်းကို ရေဝေရေလဲစိုက်ခင်းများနှင့် ကျေးရွာထင်းစိုက်ခင်းများတွင် ဆောင်ရွက်ပြီး ၂ပေ× ၂ပေ × ၂ ပေ အရွယ်ကျင်းများ တူးဖော်ဆောင်ရွက်ရမည်။

(ဂ) ကျင်းတူးရာတွင် အပေါ်ယံမြေကိုသီးခြားဖယ်ပြီး ကျင်းပြန်ဖို့သောအခါ ၎င်းအပေါ်ယံမြေသားကို ဦးစွာပြန်လည်ထည့်သွင်းပြီးမှ ကျန်မြေစာများဖြင့် ကျင်းဖို့ပေးရမည်။

ဆက်လက်ဖော်ပြပါမည်


# ကာတွန်း ကဏ္ဍ


အစွယ်အတွက်
သတ်ဖြတ်ခြင်းက
ဂေဟစနစ်ကို ပျက်စီးစေတယ်...


ကမ္ဘာမြေပေါ်မှာ
လူတစ်မျိုးတည်း
အသက်ရှင်နေထိုင်လို့ မရဘူး...


acid rain
လေထု ညစ်ညမ်းရင်
ရေထုနဲ့ မြေထုပါ
ညစ်ညမ်းသွားတယ်...


သဘာဝကို လေးစားပါ...
သဘာဝကို ချစ်ပါ...
သဘာဝနဲ့ အတူနေပါ...


ကမ္ဘာမြေနဲ့
လူသားတွေအတွက် →
အကောင်းဆုံး
မိတ်ဆွေ

အော်ပီကျယ်



# တောဆင်ရိုင်းများ ဖမ်းယူမွေးမြူခြင်းသည် သက်တမ်းတိုစေကြောင်းတွေ့ရှိရခြင်း

ဖြူဖြူသင်း၊ တောအုပ်ကြီး(တိုးချဲ့)

နိုင်ငံတကာ သုတေသီများ ပါဝင်သောအဖွဲ့သည် ဆင်များကို ဖမ်းယူမွေးမြူခြင်း၏ အကျိုးသက်ရောက်မှုများကိုသိရှိနိုင်ရန် မြန်မာ့သစ်လုပ်ငန်းမှ ဆင်များ၏မှတ်တမ်းများကို လေ့လာခဲ့ကြသည်။ လေ့လာမှုအရ ဖမ်းယူမွေးမြူထားသည့် တောဆင်ရိုင်းများသည် ဖမ်းယူမွေးမြူပြီးနောက် သေဆုံးမှုနှုန်းတိုးမြင့်လာပြီး ၎င်းတို့၏ပျမ်းမျှသက်တမ်းသည် အိမ်မွေးဆင်များထက် သက်တမ်းတိုကြောင်းတွေ့ရှိရသည်။

တောရိုင်းတိရစ္ဆာန်မြောက်မြားစွာကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နှစ်စဉ် ဖမ်းယူမွေးမြူကြသည်။ အချို့တိရစ္ဆာန်များသည် ဖမ်းယူမွေးမြူပြီးနောက် ပိုမိုကျန်းမာအသက်ရှည်၍ လွတ်၍မွေးမြူထားသော အကောင်များထက် ပိုမိုမျိုးပွားနိုင်ကြသော်လည်း အများစုသည် ပိုမိုအခြေအနေဆိုးရွားလာကြသည်။ ဥပမာအားဖြင့် ဆင်များကိုသဘာဝအတိုင်း မွေးမြူခြင်းထက် တိရစ္ဆာန်ဥယျာဉ်များတွင် ဖမ်းယူမွေးမြူထားခြင်းသည် သေဆုံးနိုင်ခြေ ပိုမိုများပြားကြောင်းတွေ့ရှိရသည်။ သဘာဝအတိုင်းမွေးမြူခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်များတွင် ဖမ်းယူမွေးမြူထားခြင်းတို့တွင် အဓိကအားဖြင့် အစားအသောက်၊ နေထိုင်ရာပတ်ဝန်းကျင်၊ လုပ်ငန်းလုပ်ဆောင်မှုနှင့် ရောဂါဖြစ်ပွားမှုပုံစံများတွင် ကွာခြားမှုရှိသည်။ ထို့ကြောင့် တောဆင်ရိုင်းများ ဖမ်းယူမွေးမြူထားခြင်းသည် ၎င်းတို့၏ရေရှည်နေထိုင်မှုတွင် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာမှုပြုလုပ်ထားသည်။




ဆင်များကို ယခင်ရာစုနှစ်များစွာကတည်းက မြန်မာနိုင်ငံတွင် သစ်ထုတ်ရေးစခန်းများ၌ အသုံးပြုခဲ့ကြသည်။ တောဆင်ရိုင်းများနှင့် အိမ်မွေးဆင်များကို တောထဲတွင်အတူမွေးမြူထိန်းသိမ်း၍ နည်းလမ်းတူညီစွာဖြင့် ယဉ်ပါးစေရန်လေ့ကျင့်ပေးထားကြသည်။ အစိုးရဌာနများမှ ဆင်ပြုစုထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုအခြေခံ၍ ဖင်လန်နိုင်ငံ Turku တက္ကသိုလ်နှင့် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ Leibniz တိရစ္ဆာန်ဥယျာဉ်နှင့် သားငှက်တိရစ္ဆာန်သုတေသနဌာနမှ သုတေသီများသည် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ထိုအချက် အလက်များကို အခြေခံ၍ သစ်လုပ်ငန်းမှ ဆင်ကောင်ရေ (၅၀၀၀)ကျော်အား ဖမ်းယူမွေးမြူပြီးနောက် ရှင်သန်မှုအခြေအနေများကို လေ့လာခဲ့ကြသည်။



သုတေသနအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာMirkka Lahdenperaက ''ယခုလေ့လာတွေ့ရှိချက်များအရ ဖမ်းယူထိန်းသိမ်းထားသော တောဆင်ရိုင်းများသည် အိမ်မွေးဆင်များထက် ရှင်သန်နိုင်မှုနည်းပါးကြောင်းတွေ့ရှိရသည်။ ထိုသို့လေ့လာမှုများတွင် ၎င်းတို့အားဖမ်းယူသည့်နည်းလမ်းများ (အုပ်စုလိုက်ဖမ်းယူခြင်း၊ တစ်ကောင်ချင်းအား ကြိုးကွင်းပစ်ဖမ်းယူခြင်း၊ စိတ်ငြိမ်ဆေးများအသုံးပြု၍ဖမ်းယူခြင်းစသည်)ကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။ ဆိုလိုသည်မှာ ထိုနည်းလမ်းအားလုံးသည် ဆင်များ၏နေထိုင်မှုကို အလားတူ ဆိုးကျိုးသက်ရောက်မှုများရှိနေကြောင်း ဖော်ပြနေသည်။ အသက်အရွယ်ကြီးသည့်အချိန်တွင် ဖမ်းယူခြင်းခံရသည့် ဆင်များသည် အသက်ငယ်စဉ်ဖမ်းယူခံရသည့် ဆင်များထက် သေဆုံးနိုင်ချေပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း''ပြောကြားခဲ့သည်။

မြန်မာသစ်လုပ်ငန်းရှိ ဖမ်းယူထားသော တောဆင်ရိုင်းများနှင့် အိမ်မွေးဆင်များကို နေ့ခင်းဘက်တွင် အတူ





တကွအလုပ်လုပ်စေပြီး ညအချိန်တွင် ကိုယ်တိုင်အစာရှာရန် တောတွင်းသို့ လွှတ်ထားလေ့ရှိသည်။ တောဆင်ရိုင်းများနှင့် အိမ်မွေးဆင်များကို လုပ်ငန်းခွင်တွင် အသုံးမပြုခင် လေ့ကျင့်သင်ကြားပေးမှုများလည်း ပြုလုပ်ထားသည်။ သို့ရာတွင် တောဆင်ရိုင်းများသည် ၎င်းတို့၏ အသက်၊ အရွယ်၊ လိင်နှင့် ပင်ကိုစရိုက်များပေါ်မူတည်၍ မွေးမြူထားသောဆင်များနှင့်ယှဉ်ပါက လေ့ကျင့်မှုများပိုမိုပြုလုပ်ရသည်။


ယခုလေ့လာမှုတွင်ပါဝင်သော ပါမောက္ခ Vipri Lummaa က တောဆင်ရိုင်းများကို ဖမ်းယူလေ့ကျင့်သင်ကြား၍ လုပ်ငန်းခွင်တွင်အသုံးပြုရာတွင် ၎င်းတို့၏ ပျမ်းမျှသက်တမ်းသည် မွေးမြူထားသော ဆင်များထက်(၃)နှစ်မှ(၄)နှစ်အထိလျော့နည်းနိုင်ပြီး မျိုးပွားနိုင်မှုလျော့နည်းသွားကြောင်း၊ ထိုသို့ဖမ်းယူခြင်းသည် မျိုးသုဉ်းပျောက်ကွယ်လုနီးဖြစ်သော မျိုးစိတ်များကို ပိုမိုအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ တောဆင်ရိုင်းကောင်ရေများ ထိန်းသိမ်းရန် သင့်လျော်သည့် အဖြေတစ်ခုမဟုတ်ကြောင်းပြောကြားခဲ့သည်။ ဖမ်းယူမွေးမြူ၍ လေ့ကျင့်သင်ကြားခြင်းများကြောင့် ဖိအားများ ပိုမိုများလာခြင်းနှင့် နေထိုင်ရာပတ်ဝန်းကျင်ပြောင်းလဲမှုများသည် တောဆင်ရိုင်းများ၏သက်တမ်းကို ပိုမိုတိုစေသော အကြောင်းရင်းများ ဖြစ်နိုင်သည်ကိုတွေ့ရှိရသည်။

ဒေါက်တာLahdenpera က''ဆင်များ၏ အကောင်ရေ တိုးလာစေရန် အခြားပိုမိုကောင်းမွန်သောနည်းလမ်းများကို ရှာဖွေသင့်ကြောင်း၊ ယနေ့အချိန်အထိ တိရစ္ဆာန်ဥယျာဉ်များတွင်ထားရှိသော ဆင်များ၏(၆၀)ရာခိုင်နှုန်းသည် တောထဲမှ ဖမ်းယူမွေးမြူထားသည်ကို တွေ့ရှိရပြီး ကျန်ရှိနေသော အာရှဆင်များ၏ သုံးပုံတစ်ပုံသည် ဖမ်းယူမွေးမြူထားခြင်း ခံထားရသည်ကိုတွေ့ရှိရကြောင်း'' ပြောကြားခဲ့သည်။



ယခုလေ့လာမှု၏ အကြံပြုချက်များ အနေဖြင့် အခြားသောမျိုးစိတ်များအပေါ် ဖမ်းယူမွေးမြူခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို ကောင်းစွာနားလည်နိုင်ရန် လေ့လာသင့်သည်။ မဖြစ်မနေ ဖမ်းယူမွေးမြူရမည့် အခြေအနေမျိုးဖြစ်ပါက တိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်သူများ၊ တိရစ္ဆာန်ဆေးကုသရေး ဆရာဝန်များနှင့် ဂေဟဗေဒပညာရှင်များ ပူးပေါင်းပါဝင်၍ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းများတွင် လုပ်ဆောင်သင့်ကြောင်း အကြံပြုထားသည်။ ထို့ပြင် ဖမ်းယူပြီးကာလများတွင် တိရစ္ဆာန်များကို စောင့်ရှောက်မှုများပေးခြင်းသည် အလေးထားလုပ်ဆောင်သင့်ကြောင်း အကြံပြုထားသည်။

**Source:** University of Turku. "Capturing elephants from the wild shortens their lives." ScienceDaily. ScienceDaily, 7 August 2018. www.sciencedaily.com/release/2018/08/180807110347.htm.




## Post-Nargis Programmes and Projects of FREDA

By
U Sein Thet, Director(Rtd)
Vice-chairman,FREDA

Myanmar is exposed to a range hazards, including floods, cyclones, earthquakes, landslides, and tsunamis. Myanmar rests on a major earthquake belt and is subject to small earthquakes on a regular basis. Mountainous areas are prone to landslides. Predictions indicate that water-related disasters will be exacerbated by climate change and environmental degradation. Floods and droughts are expected to become more frequent and intense. Temperatures, rainfall, and runoff are likely to increase; extreme rainfall will become more frequent; and dry periods during the monsoon season may occur. All these changes will lead to augmented economic losses particularly in the agricultural sector. Natural hazards in Myanmar are accompanied by high economic costs and social consequences. Impacts from disasters are felt across all sectors, and they present a challenge for Myanmar's quest for continues growth. In 2008, Cyclone Nargis killed over 130,000 people; 2.4 million others lost homes and livelihoods. The 2015 Global Assessment Report puts Myanmar first in terms of annual average loss in relation to social expenditure.

National Adaptation Programmes for Action (NAPA) makes the following climate change projections for Myanmar:

- General Increase in temperature across the whole country, Particularly from December to May, with the central and northem regions experiencing the greatest increase;
- Increase in clear sky days, exacerbating drought periods;
- Increase in rainfall variability during the rainy season, including an increase across the whole country from March to November (particularly in northern Myanmar), and a decrease in the risk of flood ing resulting from late onset and early withdrawal of monsoon events;
- Increase in the occurrence and intensity of extreme weather events, including cyclones/strong winds, flood/storm surge, intense rains, extreme high temperatures, and drought.

Myanmar is the largest country in mainland South-East Asia with a total land area of 676,578 sq km, and a population of 51.5 million, Its long coastline of about 2,000 km covers almost the entire east coast of the Bay of Bengal. Being a heavy rainfall country, floods occur regularly during the mid-monsoon period (June to August) in areas traversed by rivers or large streams. The country is also prone to cyclones, landslides, earthquakes, and drought. The category 3 Cyclone Nargis struck Myanmar on 2 and 3 May 2008, making landfall in the Ayeyarwady Region approximately 250 km southwest of Yangon, and affecting more than 50 townships, mainly in Yangon and Ayeyarwady Regions including Yangon, the country's largest city. With wind speeds of up to 200km/h accompanied by heavy rain, the damage was most severe in the Delta region where the effects of the extreme winds were compounded by a 12 foot (3.6 meter) storm surge. Nargis was the worst natural disaster in the history of Myanmar, and the most devastating cyclone to strike Asia since 1991.

The official death toll stood at 84,537 with 53,836 people missing , and 19,359 injured. Assessment data shows that some 2.4 million people were severely affected by the cyclone, out of an estimated 7.35 million people living in the affected townships. There has been widespread devastation, with the near-total destruction of fields and shelter in areas that were directly hit by the cyclone, in addition to downed power and communication lines and other loss of infrastructure affecting a much bigger area. The disaster caused widespread destruction to homes and critical infrastructure, including roads, jetties, water and sanitation systems, fuel supplies and electricity. A large number of water supplies were contaminated and food stocks

damaged or destroyed. The winds tore down trees and power lines, while the accompanying storm surge submerged countless villages.

The people of the Delta area primarily farmers, fishermen and laborers, with a smaller proportion engaged in service industries and as traders. Approximately 50-60 percent of families in the Delta are engaged in agriculture. Over time, there has been an intensification of agriculture in the Delta region, facilitated by ample water, relatively fertile soils, and rich aquatic life. Increases in production led to the spread of small businesses and traders. Some villagers are also craftsmen, including boat builders and carpenters. Estimates from several townships showed more than half the population as being landless. Landlessness is particularly high in labutta and there is therefore a high proportion of people engaged in fishing. Overall in the Delta, 32 percent of the landless work in agriculture as agricultural workers, or seasonal agricultural workers, a figure above the 26 percent national average. The other two-thirds worked in other sectors including fisheries, salt production, trade, and transportation. The landless are more likely to be poor in the Delta region than elsewhere: 44 percent of the landless live below the government poverty line, compared with 33 percent nationally. Of the "poor" in the Delta, 31 percent were landless, with the "very poor" were almost landless 85 percent.

Although the devastation caused by Cyclone Nargis in the Ayeyarwady Delta region has caught international attention, the region has a history of severe tropical storms, recurring floods during the monsoon season, and fires in the dry season. The region is also exposed to low-frequency, high-impact events such as occasional cyclones and tsunamis.

Cyclone Nargis highlighted Myanmar's vulnerability to high-impact, low-frequency natural hazards, and also the need for the country to undertake a range of actions for reducing, mitigating and managing disaster risks in the future to avoid similar catastrophes. These actions would have to be carried out in the short, medium and long terms depending on the needs and priorities identified through a participatory and consultative process that involves a range of national, local, regional and international entities.

There is an opportunity to use community-based organizations to enhance disaster preparedness at the village level, including through the formation of village disaster preparedness (search and rescue, first aid, evacuation, etc.); community-based risk assessment, including mapping of past disasters and their impacts; and identification of priority interventions at the community level. These actions will not necessarily reduce future disaster risks but can enhance community preparedness to respond to disasters and minimize the loss of lives and livelihoods.

FREDA was founded by retired forest officials in 1995 with a principle of non-political, Non-profit and non-government organization. FREDA has been constituted mainly to participate and promote in building a green, pleasant, modernized and fully developed new State. In the initial stage, all of the founders worked voluntarily without any salary and facility in the fields of environmental conservation, reforestation, wildlife protection and community development. Since 2008, due to the occurrence of natural disasters frequently in Myanmar, FREDA is also participating in the emergency relief programme, rehabilitation, community development and food security activities under the context of disaster risk reduction and climate change.

Forest Resource Environment Development and Conservation Association (FREDA) is a non-political, non-profit and non-government organization in the forestry sector of Myanmar. Its strength is experience, dedication and dynamism. Registered in 1996, FREDA is currently composed of (552) members, comprising foresters, botanists, agronomists, zoologists, veterinary scientists, hydro-geologists, engineers, timber businessmen, journalists, artists, etc. Membership is open to any citizen of Myanmar over the age of 18, except those in active government service. The Vision of FREDA is to regulate climate change and environmental deterioration through active participation of local community in sustainable forest management, proper land use practice and community development. The Mission is to promote participation and partnership in

- Sustainable forest management
- Natural environment conservation
- Wildlife protection
- Grass root level community development

- Human resource development
- Disaster risk reduction and sustainable land use

The Organization of FREDA included the 15 member Central Committee (CC), approved at an appropriate General Assembly for a term of three year governs FREDA. The CC forms the Executive Committee,(EC) consisting of CC members including Chairman, Vice-Chairman, General Secretary, Finance Secretary and Internal Auditor, to oversee day-day operations. Field and office activities are implemented by the members recruited for specific assignments.

FREDA has been engaged in a wide range of activities like socio-economic survey for rural development, planning and demonstration for community participation in reforestation and forest conservation especially in mangrove including implementation of integrated management activities for natural disaster preparedness and sustainable land use. Restoration of degraded mangrove ecosystem in the delta of Myanmar, introduction of renewable energy resources including various types of gasifies for village electrification, support to scholars in environmental science at M.Sc. and Ph.D levels in partnership with donors and universities concerned, and relief and rehabilitation works in natural affected areas, and responsible eco-tourism.

The projects and programmes are primarily implemented with the co-operation of the international NGOs, local NGOs-and UN agencies. FREDA now actively engaged in some activities with the collaboration Nagao Natural Environmental Foundation (NEF) of Japan, Action for Mangrove Reforestation (ACTMANG) of Japan, Diakonie Katastrophenhilfe (DKH) of Germany, Evangelischer Entwicklungsdienst (EED) of Germany. Myanmar Environmental Rechabilitation Network (MERN), UNDP, the Embassies of USA,UK,Japan and Germany in Myanmar. As a gesture of cooperation, FREDA has participated in all forms of meetings, seminars and workshops related to the implementation of SFM. It has presented some technical papers in the area of sustainable forest management and timber certification.

Community plantations were established with mangrove species in some parts of Pyindaye reserved forest. Ayeyarwady delta where natural mangrove forests were depleted due to encroachment by some farmers for rice cultivation. Since the farmers have to abandon their rice fields after some years due to intrusion of salt water and acid sulphate from below, the only approach to address the issue is to restore the mangrove forests by the community under the Community Forestry Instructions (CFI) of the forestry authorities. Extension activities for increased awareness, technology transfer and material support were undertaken by FREDA with the co-operation of ACTMANG of Japan, DKH and EED of Germany and the participation of local community under the Mangrove Reforestation Project.

**Programmes and Project implemented during the last 10 years** from 2008 to 2018 were:-

**(1) Integrated Watershed Management for Natural Disaster Preparedness and Climate Change Adaptation in Myanmar (K-MMR-0701-0001)**

The project was implemented with the financial assistance of Diskonie Katastrophenhilfe (DKH) of Germany in Kachin State, Shan State, Magwe Region and Ayeyarwady Region. Total project budget was USD 356,310 and the project period was 2 years and 4 months from 1.2.2007 to 30.6.2009. Under the project, establishment of community forests, planting of fruit tree and medicinal plants, electricity supply by small hydro-power, contour terrace farming, agro-forestry, digging surface and tube wells for clean water supply and mangrove plantation were successfully implemented in the project areas.

**(2) Immediate Emergency Relief Cyclone Nargis affected people in Myanmar (K- MMR-0805-0001)**

In response to the calls for assistance to the Nargis affected people in 2008. This project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany in Ayeyarwady Region. The project budget was USD 505,519 and the project period was 8 months from 1st May to 31st December 2008. Under the project, rice, cooking oil, salt, drinking water, tarpaulin and T-shirts were distributed free of charge for 11 times to about 4000 households (about 18,000 people) in 26 villages in Pyapon township.

to be continue

## မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ) (၆)လ ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မိုင်းဝန်းကြိုးဝိုင်း၊အကွက်အမှတ်(၁၀၇)၊ သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်း(၂၅၀)ကေဆောင်ရွက်ခြင်းမှတ်တမ်း



မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊မင်းလှမြို့နယ်၊ရှမ်းတပ်ကြီးကြိုးဝိုင်း၊အကွက် အမှတ်(၂၃)၊ စိုက်ခင်းဟောင်းပြန်လည်ပြုစုထိန်းသိမ်းခြင်း (၁၀၀)ကေမှတ်တမ်း



စစ်ကိုင်းတိုင်းဒေသကြီး၊တမူးမြို့နယ်၊ကဘော်ကြိုးဝိုင်း၊အကွက်အမှတ်(၄၆၊၄၉၊၅၀) Triple Circle Co.,Ltd. ၏ တင်ဒါအောင်မြင်သည့် ပုဂ္ဂလိက (ပျဉ်းကတိုး)စိုက်ခင်း (၁၀၀၀)ကေမှတ်တမ်း



မကွေးတိုင်းဒေသကြီး၊ကံမမြို့နယ်၊မဒေးကြိုးပြင် ခုတ်ကွက်အမှတ်(၉၈)၊ ၃/ ၂၀၁၈ ရေဝေရေလဲစိုက်ခင်း(၂၅)ကေ ဆောင်ရွက်မှုမှတ်တမ်း




ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ပြင်ဒရယ်ကြိုးဝိုင်း၊ အကွက်အမှတ်(၆၄)၊ (၁/၂၀၁၈)၊ ဒီရေတောစိုက်ခင်း(၄၀၀)ကေဆောင်ရွက်မှုမှတ်တမ်း



ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရှူး-မအီကြိုးပြင်ကာကွယ်တော၊ အကွက်(၂၆၂)၊ ၃/ ၂၀၁၈၊ ကျေးရွာထင်းစိုက်ခင်း၊ (၅၀)ကေဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ




မန္တလေးတိုင်းဒေသကြီး၊စဉ့်ကူးမြို့နယ်၊အောက်မတ္တရာကြိုးဝိုင်း၊အကွက်အမှတ် (၂၂၊၂၄၊၂၅)၁/ ၂၀၁၈၊ စီးပွားရေး(ကျွန်း)စိုက်ခင်း (၆၀၀)ကေ ဆောင်ရွက်မှုမှတ်တမ်း



ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ဝါးဖြူတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၃)၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (၅၅)ကေ ဆောင်ရွက်မှုမှတ်တမ်း

## မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ) (၆)လဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | | လုပ်ငန်းအမျိုးအစား | ရေတွက်ပုံ | လုပ်ငန်းစီမံချက် | ၉-၈-၂၀၁၈ ထိပြီးစီး | ရာနိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | သစ်တောစိုက်ခင်းမူဝါဒရေးဆွဲခြင်း | | | | |
| ၂ | | သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း | ဧက | ၁၃၇၀၅ | ၁၃၇၀၅ | ၁၀၀ % |
| ၃ | | နိုင်ငံပိုင်စိုက်ခင်းတည်ထောင်ခြင်း | ဧက | ၂၆၉၉၂ | ၂၆၉၉၂ | ၁၀၀ % |
| | က | စီးပွားရေးစိုက်ခင်း | ဧက | ၁၆၆၄၅ | ၁၆၆၄၅ | ၁၀၀ % |
| | ခ | ရေဝေရေလဲစိုက်ခင်း | ဧက | ၂၅၆၅ | ၂၅၆၅ | ၁၀၀% |
| | ဂ | ဒီရေတောစိုက်ခင်း | ဧက | ၂၉၇၅ | ၂၉၇၅ | ၁၀၀% |
| | ဃ | ကျေးရွာထင်းစိုက်ခင်း | ဧက | ၄၈၀၇ | ၄၈၀၇ | ၁၀၀% |
| ၄ | | ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း | ဧက | ၃၀၂၀၁ | ၁၁၄၅၈ | ၃၇.၉% |
| | က | ကျွန်း (ပုဂ္ဂလိကသစ်တောစိုက်ခင်း) | ဧက | ၁၀၀၆၆ | ၃၃၇၃ | ၃၃.၅% |
| | ခ | သစ်မာ (ပုဂ္ဂလိကသစ်တောစိုက်ခင်း) | ဧက | ၂၀၁၃၅ | ၈၀၈၅ | ၄၀.၂% |
| ၅ | | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း | ဧက | ၁၀၂၁၈၆.၄၆ | ၉၇၈၇၉.၀၈ | ၉၅.၈ % |
| ၆ | | သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း | ဧက | ၁၈၈၁ | ၁၇၆၁ | ၉၃.၆ % |
| ၇ | | စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း | ဧက | ၃၇၇၄ | ၃၆၂၄ | ၉၆ % |
| ၈ | | လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း | ပင် | ၁၀၃၁၃၅၄၇ | ၁၀၁၇၇၀၁၈ | ၉၈.၇ % |
| | က | ပြည်နယ်/တိုင်းဒေသကြီး | ပင် | ၁၀၀၁၃၅၄၇ | ၁၀၀၆၀၂၅၁ | |
| | ခ | သစ်တောဦးစီးရုံးချုပ် | ပင် | ၁၅၀၀၀၀ | ၅၁၀၃၇ | |
| | ဂ | သစ်တောသုတေသနဌာန | ပင် | ၁၅၀၀၀၀ | ၆၅၇၃၀ | |
| ၉ | | သင်တန်းပို့ချခြင်း(ဝန်ထမ်း/ပြည်သူ) | ဦး | ၁၅၉၃ | ၄၀၁ | ၂၅.၂% |
| | က | ပြည်နယ်/တိုင်းဒေသကြီး | ဦး | ၁၃၅၃ | ၂၅၁ | ၁၈.၆% |
| | ခ | CFDTC (ပ/တ) | ဦး | ၁၂၀ | ၇ | |
| | ဂ | CFDTC (မှော်ဘီ) | ဦး | ၈၀ | ၉၇ | |
| | ဃ | CFDTC (ပုသိမ်ကြီး) | ဦး | ၄၀ | ၄၆ | |
| | င | FRI | ကြိမ် | ၁၂၀ | ၇ | |
| ၁၀ | | သစ်တောသုတေသနဌာန | | | | |
| | က | မျိုးကောင်းမျိုးသန့်အပင်များရွေးချယ်ခြင်း | ပင် | ၁၀၀၀ | ၀ | |
| | ခ | သစ်မျိုးသန့်ဥယျာဉ်တည်ထောင်ခြင်း | ဧက | ၁၀ | ၀ | |
| | ဂ | ခန္ဓာပိုင်းမျိုးပွားဥယျာဉ် တည်ထောင်ခြင်း | ဧက | ၁၀ | ၈ | ၈၀% |

နောက်ကျောဖုံးမှအဆက်



မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်း ကျက်စားနေသည့် ဟင်္သာများ

ခန္ဓာကိုယ်ထည် တည်ဆောက်ပုံ၊ ခြေထောက်တို့ အားလုံးသည် ဘဲခန္ဓာဗေဒပင်ဖြစ်ပြီး ခြေချောင်းများတွင် ရေယက်ပါသည်။ ဟင်္သာကို သတ္တဗေဒအရ Ruddy Shelduck *Tadorna ferruginea* ဟုအမည်ပေးသတ်မှတ်ထားသည်။ နီမြန်းသော ညို၊ဝါရောင်ဘဲဖြစ်၍ Brahminy Duck ဟုလည်း အိန္ဒိယတွင်အမည်ပေးသတ်မှတ် သည်။ ကမ္ဘာပေါ်တွင် Shelduck မျိုးစိတ်အနေဖြင့် (၂)မျိုးသာရှိသည်။ ဟင်္သာကျား Common Shelduck နှင့် ဟင်္သာ Ruddy Shelduck တို့ဖြစ်သည်။




ဟင်္သာအထီး(ဝဲ)၊ အမ(ယာ)

ဟင်္သာမျိုးစိတ်တို့သည် ခန္ဓာကိုယ် အရွယ်ကြီးသည်။ ဘဲနှင့်တူသော်လည်း ဘဲမျိုးစိတ်စစ်စစ်(Typical Duck)နှင့် မတူကွဲပြားခြားနားသည်။ ဟင်္သာသည် အထီးအမ အမွေးအတောင်ဆင်တူသည်။ တစ်ကိုယ်လုံး လိမ္မော်နီရောင်ဖြစ်ပြီး ဦးခေါင်းသည် များသောအားဖြင့် ညို၊ဝါရောင်ဖြစ်သည်။ အထီးသည် လည်တိုင်တွင် လည်ရစ်အမည်းရောင်ကော်လာ မထင်မရှားပါရှိသည်။ အမဦးခေါင်းသည် အရောင်ဖျော့ပြီး၊ မျက်နှာသည် အဖြူရောင်ဖြစ်သည်။ ပျံသန်းသည့်အခါ တောင်ပံဖျားပိုင်း အပေါ်နှင့်အောက်ဖက်သည် အနက်ရောင် အဖြူရောင် ထင်ရှားစွာပါရှိသည်။

ဟင်္သာတို့သည် မြက်၊ အရွက်၊ အစေ့နှင့် အပင်ပင်စည်၊ မြက်မုန်ညင်း၊ အနှံ၊ စပါး၊ အပင်ပေါက်များ၊ ကုန်းပိုင်းရေပိုင်းပေါက်ရောက် အပင်ငယ်များကိုစားသည်။

ဟင်္သာတို့သည် အများအားဖြင့် ရေတွင်အနေများ ကျက်စားတတ်ကြသည်။ မြစ်ကြီးများ၊ ရေကန်ကြီးများ၊ ဆည်ကြီးများတွင် ကျက်စားတတ်သည်။ မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်းမြစ်တို့၏ သဲသောင်ပြင်များတွင် အများဆုံးတွေ့ရသည်။ အင်းတော်ကြီး၊ အင်းလေးကန်စသည့် အင်း၊ ကန်ကြီးများတွင်လည်းတွေ့ရသည်။ အုပ်စုဖွဲ့နေကြပြီး၊ အထီးအမယှဉ်တွဲနေကြသည်။ ကမ္ဘာတစ်ဝန်းအနေဖြင့် အနောက်မြောက် အာဖရိက၊ အီသီယိုပီးယား၊ အာရှအလယ်ပိုင်း၊ ဆိုက်ဗေးဒီးယား အရှေ့တောင်ပိုင်း၊ အိန္ဒိယအနောက်မြောက်၊ နီပေါမြောက်ပိုင်း၊တိဘက်၊မွန်ဂိုရီးယား၊ တရုတ်အနောက်၊ အနောက်မြောက်၊ မြောက်နှင့် အရှေ့မြောက်ပိုင်းတို့တွင် သားပေါက်ကျက်စားသည်။ အကောင်ဦးရေများစွာသည် တောင်ပိုင်းသို့ ဆောင်းခိုကျက်စားသည်။ အရှေ့တောင်အာရှတွင် မြန်မာ၊ ထိုင်းနိုင်ငံအနောက်၊ အနောက်မြောက်၊ အလယ်ပိုင်းနှင့်အရှေ့မြောက်၊ လာအိုမြောက်ပိုင်း၊ အရှေ့တုံကင်းနှင့်အာနမ်မြောက်ပိုင်းတို့တွင် ဆောင်းခိုကျက်စားသည်။ ဟင်္သာမျိုးစိတ်နှစ်မျိုးလုံးသည် မြန်မာနိုင်ငံသို့ ဆောင်းခိုကျက်စားသည့် ရေငှက်များဖြစ်ပြီး၊ ဟင်္သာသည် မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်း၊ရှမ်းပြည်တောင်ပိုင်းသို့ အကောင်ဦးရေများစွာ ဆောင်းခိုကျက်စားပြီး၊ Common Shelduck သည် အကောင်ဦးရေနည်းပါးစွာ ဆောင်းခိုကျက်စားသည်။ ဟင်္သာတို့သည် မြန်မာနိုင်ငံသို့ နှစ်စဉ် ပုံမှန်အကောင်ဦးရေ များပြားစွာ လာရောက်ဆောင်းခိုကျက်စားသည့် ရေငှက်မျိုးများဖြစ်ကြသဖြင့် လူသိများကြပေသည်။

ဟင်္သာတို့သည် ရေနှင့်ဝေးရာ သစ်ခေါင်း၊ မြေကမ်းပါးအခေါင်းတို့တွင် အသိုက်လုပ် ဥအုတတ်သည်။



ဟင်္သာကျားအထီး(ယာ)၊ အမ(ဝဲ)

ဟင်္သာတို့သည် မတ်၊ ဧပြီလများတွင် အာရှအလယ်ပိုင်း သားပေါက် စားကျက်ဒေသများဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။ သားပေါက်ဒေသတွင် ဧပြီလနှောင်းပိုင်းမှ ဇွန်လစောပိုင်းကာလတွင် ဥအုသည်။ ဟင်္သာတို့သည် ဥ(၈)လုံးအုသည်။ အထီးရောအမပါ ဥများကို လေးပတ်ကြာဝပ်ကျင်းတက်ကာ စောင့်ရှောက်ကြသည်။ ဥမှ ပေါက်သည့် အကောင်ပေါက်တို့သည် (၈)ပတ်သားအရွယ်တွင် အမွေးအတောင်စုံကြသည်။ ဆောင်းခိုရေငှက်တို့သည် ဆောင်းခိုကျက်စားသည့် ဒေသများတွင် မိတ်လိုက်သားပေါက်မပြုလုပ်ကြပေ။ ၎င်းတို့ ကျက်စားနေထိုင်ရာ မူလကမ္ဘာ့မြောက်ဖက်ခြမ်းဒေသတွင်သာ မိတ်လိုက်ဥအု သားပေါက်ကြသည်။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် မွေးမြူထားသည့် ဟင်္သာတစ်စုံသည် ၂၀၁၃ ခုနှစ်တွင် စတင်၍သားပေါက်ခဲ့ပြီး၊ ၂၀၁၇ခုနှစ်၊ ၂၀၁၈ ခုနှစ်များတွင် ဥအုသော်လည်း အကောင်ပေါက်ခြင်းမရှိသည်ကိုတွေ့ရသည်။ ဤဖြစ်စဉ်မှာ ထူးခြားဖြစ်စဉ်ဆိုရပေမည်။

နိုင်ငံတကာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) မှမျိုးတုံးရန် ပတ်သက်မှုနည်းသော(Least Concern-LC) မျိုးစိတ်အဖြစ်သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းမည့် အန္တရာယ်မှကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များအနေဖြင့် လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။ ဟင်္သာကျား(Common Shelduck)သည် ဟင်္သာကဲ့သို့ ရေတွင်ကျက်စားသည့် ရေဘဲမျိုးဖြစ်သည်။ ခန္ဓာကိုယ်အရွယ်သည် ဟင်္သာနှင့်မတိမ်းမယိမ်းဖြစ်သည်။ သိပ္ပံအမည်မှာ(*Tadorna tadorna*)ဖြစ်သည်။ အမည်အရ ရေဘဲကျားဟု အဓိပ္ပါယ်ရသည်။ ယူရေးဆီးယားတွင် ပေါများစွာကျက်စားသည်။ သမပိုင်းဒေသတွင် သားပေါက်နေထိုင်ပြီး၊ အပူပိုင်းအောက် စားကျက်ဒေသတွင် ဆောင်းခိုကျက်စားသည်။ ခန္ဓာကိုယ်အသွေးအရောင်သည် သိသာထင်ရှားပေါ်လွင်သည့် အရောင်မျိုးဖြစ်သည်။ အထီးအမသည် အမွေးအတောင် အတူတူဖြစ်သည်။ နှုတ်သီးသည် နီရဲသော ပန်းရောင်နှုတ်သီးဖြစ်သည်။ ခြေထောက်သည် ပန်းရောင်ဖြစ်သည်။ ကိုယ်ထည်သည် အဖြူရောင်ဖြစ်ပြီး၊ အုန်းခွံရောင်အကွက်ပါရှိပြီး၊ ဝမ်းဗိုက်သည် အမည်းရောင်ဖြစ်သည်။ ဦးခေါင်းနှင့်လည်တိုင်သည် အစိမ်းရင့်ရောင်ဖြစ်သည်။ တောင်ပံဖုံးသည်အဖြူဖြစ်ပြီး အဖျားပိုင်းသည် အမည်းရောင်နှင့် တောင်ပံလယ်မွေးများသည် အစိမ်းရောင်ဖြစ်သည်။ ပျံသန်းသည့်အခါတွေ့မြင်နိုင်သည်။ တောင်ပံအောက်ပိုင်းတစ်ခုလုံးနီးပါးအဖြူရောင်ဖြစ်သည်။ အမသည် ခန္ဓာကိုယ်ငယ်သည်။ အမတို့၏မျက်နှာတွင် အဖြူရောင်အမှတ်အသားတချို့ပါတတ်သည်။ အထီးတို့သည် မိတ်လိုက်ချိန်တွင် ပြတ်သားသည့် အသွေးအရောင်ဖြစ်ပြီး၊ နှုတ်သီးသည် တောက်ပသည့် အနီရောင်ဖြစ်သည်။ နဖူးတွင်ဖုပေါ်လာသည်။ တွေ့မြင်သူနည်းပါးသည်။ ဘဲမျိုးဟု သိထားပြီး၊ ဟင်္သာမျိုးဟုမထင်မှတ်ပေ။

မြစ်ကြီး၊ ကန်၊ အင်းကြီးများ၊ ကမ်းရိုးတန်းလတာပြင်နှင့် ရေတိမ်ဒေသများတွင် ကျက်စားသည်။ Palearctic အနောက်၊ အလယ်ပိုင်း၊ ဆိုက်ဗေးရီးယားတောင်ပိုင်းအီရန်၊ ပါကစ္စတန်အနောက်ပိုင်း၊ မွန်ဂိုရီးယား၊ တရုတ်အနောက်မြောက်၊ မြောက်နှင့်အရှေ့မြောက်၊တောင်ကိုရီးယား၊ ဂျပန်တောင်ပိုင်း၊ ဘင်္ဂလားဒေ့ချ်တို့တွင် ကျက်စားသည်။ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ မြောက်၊ အနောက်သို့ အကောင်ဦးရေနည်းပါးစွာ ဆောင်းခိုကျက်စားသည်။ မြန်မာနိုင်ငံ အနောက်တောင်၊ အလယ်နှင့် တောင်ပိုင်းတွင် အခြေတကျမရှိ တွေ့ရတတ်သည်။ ထိုင်းနိုင်ငံအနောက်မြောက်၊ အလယ်ပိုင်း၊ လာအိုမြောက်ပိုင်း၊ တုံကင်းအရှေ့ပိုင်းနှင့် အာနမ်အလယ်ပိုင်းတို့တွင် တွေ့ရသည်။

မြန်မာတို့သည် ဟင်္သာငှက်ကို အသံသာယာပြီး၊ လှပသည့်ငှက်အဖြစ် တန်ဖိုးထားကြသည်။ ဟင်္သာတို့သည် ဆောင်းခိုရန် မြန်မာနိုင်ငံမြစ်များသို့ မိုးအကုန် မြစ်ရေအကျ ကိုင်းမြေများပေါ်ကာ ကိုင်းသီးနှံများ စတင်စိုက်ပျိုးချိန်တွင်ရောက်လာကြသည်။ စတင်စိုက်ပျိုးသည့် ကိုင်းသီးနှံပင်ပေါက်များကို စားသည်ဟုယူဆကာ စိုက်ပျိုးလုပ်ကိုင်သူတို့မှ ကိုင်းသီးနှံမျိုးစေ့တို့ကို ပိုးသတ်ဆေးဖြင့် စိုက်ပျိုးခြင်းဖြင့်စားမိသည့် ဟင်္သာနှင့်အခြားသော ရေငှက်များ သေကျေပျက်စီးကြရသည်။ မြန်မာတို့သည် ဟင်္သာကို ဖမ်းဆီးသတ်ဖြတ်လိုစိတ် မရှိသော်လည်း၊ မြန်မာနိုင်ငံ ဒေသတချို့တွင် ဟင်္သာငှက်နှင့် အခြားဆောင်းခိုရေဘဲ၊ ရေငှက်တို့ကိုဖမ်းဆီးကာ ရောင်းဝယ်ဖေါက်ကားမှုများ တွေ့ရသည်။ ကမ္ဘာအနှံ့ ဟင်္သာငှက်တို့သည် အကောင်ဦးရေကျဆင်းကြောင်း သိရသည်။ ဆောင်းခိုငှက်တို့သည် လူတို့မြို့ရွာမတည်ခင်၊ နိုင်ငံနယ်နိမိတ်များ သတ်မှတ်နေထိုင်ခြင်းမရှိစဉ်ကတည်းက သဘာဝအလျောက် ဆောင်းခိုကျက်စားနေကြခြင်းဖြစ်သည်။ ဆောင်းခိုငှက်တို့သည် ဆောင်းခိုကျက်စားသည့်ဒေသတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဟန်ချက်ညီစွာ အမျိုးမျိုးကွဲပြားခြားနားသော ဒေသထွက် အစားအစာများကိုစားကာ ဂေဟာစနစ်များပြန်လည် အကျိုးပြုပေးသည်။ ထို့ကြောင့် နှစ်စဉ်အချိန်မှန် လာရောက်ကျက်စားသည့် ဟင်္သာငှက်နှင့် ဆောင်းခိုငှက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်းမပြုပဲ၊ ဘေးကင်းလုံခြုံစွာ ဆောင်းခိုကျက်စားနေထိုင်ခွင့်ပြုနိုင်ရန် လူအများ ဝိုင်းဝန်းကူညီပေးစေလိုကြောင်း ရေးသားလိုက်ပါသည်။

သစ်တောကြေးမုံ

# ဟင်္သာ



## ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

ဟင်္သာငှက်ကိုလူတိုင်းကြားဖူးသည်။ ဟင်္သာသည် လုပကျော့ရှင်းပြီး၊ ကျက်သရေအပေါင်းပြည့်စုံသည့် ငှက်မြတ်အနေအဖြစ်သတ်မှတ်ကာ တန်ဖိုးထားကြသည်။ ဘုရားဟောနိပါတ်တော်တွင် ဇဝနဟံသဇာတ်တော်၌ ဘုရားလောင်း ဇဝန ဟင်္သာမင်းအကြောင်းကိုလည်းကောင်း၊ ဇာတ်တူသားစား၍ ဟင်္သာကိုးသောင်း ပျက်စီးရကြောင်းကိုလည်းကောင်း မြန်မာစာပေများတွင် မှတ်တမ်းတင်ထားသဖြင့် ဟင်္သာတို့သည် စာပေ၊ အနုပညာဆိုင်ရာ ယဉ်ကျေးမှုနယ်ပယ်နှင့် ဘာသာရေး နယ်ပယ်တွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်။ ရှေးခေတ်ရောင်းဝယ် ဖောက်ကားမှုအတွက် ချိန်တွယ်ရာတွင် ဟင်္သာရုပ်အလေးကို ကြေးသတ္တုဖြင့် သွန်းလုပ်သုံးစွဲခဲ့ရာ ယနေ့တိုင် ရှေးဟောင်းပစ္စည်းအဖြစ် တွေ့မြင်နေရဆဲဖြစ်သည်။ ဟင်္သာဖို ဟင်္သာမတို့သည် သေတပန်သက်တဆုံးရိုးမြေကျအောင် ပေါင်းဖက်နေထိုင်သည့် ငှက်အနေဖြင့်လည်း မှတ်ယူထားကြသည်။ အမှန်တကယ်ပင် ဟင်္သာတို့သည် ဖိုမ စုံလိုက် အတူနေသွားလာကျက်စားကြသည်။ အထီးသော်လည်းကောင်း၊ အမသော်လည်းကောင်း တစ်ကောင်ကောင် ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခံရလျှင် မနီးမဝေးမှ အသံပေးကာ တစ်ဝဲလည်လည်နေတတ်သည့် ငှက်မျိုးဖြစ်ကြောင်းကို တွေ့ကြုံသူများလှသည်။ မြန်မာ့ပန်းဆယ်မျိုးတွင်လည်း ဟင်္သာငှက်ကို အဖိုအမယှဉ်တွဲကာ အတူနေငှက်အဖြစ် သရုပ်ဖော်ထားသည်။ မြန်မာစာပေ၊ အနုပညာတွင် ဖော်ညွှန်းထားသည့် ဟင်္သာငှက်သည် ရေတွင် ကျင်လည်ကျက်စားသည့် ရေငှက်အဖြစ်သတ်မှတ်ထားပြီး၊ နှုတ်သီးချွန်သည်။ ခြေချောင်းများသည် ရေယက်မပါပေ။ သဘာဝပတ်ဝန်းကျင်တွင် ကျက်စားသည့် ဟင်္သာသည် ဘဲမျိုးဖြစ်သည်။ ခန္ဓာကိုယ် အသွေးအရောင်သည် ပေါ်လွင်ထင်ရှားသည့် အရောင်မျိုးဖြစ်ပြီး၊ မှတ်မိလွယ်သည်။ နှုတ်သီးသည် ဘဲနှုတ်သီးဖြစ်သည်။



စာမျက်နှာ -၄၈ သို့

